# Policy Terms and Conditions

# ပေါ်လစီစည်းကမ်းချက်များ

## Definitions
## အဓိပ္ပါယ်ဖွင့်ဆိုချက်များ

### Policy definitions

Wherever the following words or expressions appear in **Your** policy, they have the meaning given here unless otherwise stated in this policy.

**ပေါ်လစီအဓိပ္ပါယ်ဖွင့်ဆိုချက်များ**

သင်၏ပေါ်လစီတွင် ဖော်ပြထားသော အောက်ပါစကားရပ်များ သို့မဟုတ် စကားအသုံးအနှုန်းများသည် ပြင်ဆင်ပြောင်းလဲမှု တစ်ခုခုမပြုလုပ်သ၍ ဖော်ပြပါအတိုင်းသာ အဓိပ္ပာယ်သက်ရောက်စေရမည်။

**Accessories** - the standard tools of a motor Vehicle including air-conditioners and spare tyres and may include radio/cassette player/compact disc player and the like if specified in the Policy schedule. Scope of Accessories is as per the certificate of registration of Your Vehicle to Road Transportation Office.

**ဆက်စပ်ပစ္စည်းများ –** ဆက်စပ်ပစ္စည်းများဆိုသည်မှာ မော်တော်ယာဉ်တစ်စီး၏ စံနှုန်းအရပါဝင်နိုင်သည့် လေအေးပေးစက်များ၊ အပိုတာယာများ၊ ရေဒီယို၊ ကက်ဆက်၊ လေဆာခွေတ်ပြား သွင်းစက်များနှင့် အလားတူ ပစ္စည်းကိရိယာများဖြစ်ပြီး ပေါ်လစီအကျဉ်းချုပ်တွင် ဖော်ပြထားရမည်။ အဆိုပါပစ္စည်းများသည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြပြီး ဖြစ်ရမည်။

**Acts of Terrorism, Terrorist and Terrorist Group –** It shall have the meaning given in The Counter Terrorism Law section 3 (b), 3 (u) and 3 (v).

အကြမ်းဖက်မှု၊ အကြမ်းဖက်သမား နှင့် အကြမ်းဖက်အုပ်စု - အကြမ်းဖက်မှု၊ အကြမ်းဖက်သမား နှင့် အကြမ်းဖက်အုပ်စု ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၃ (ခ)၊ ပုဒ်မ ၃ (ပ) နှင့် ပုဒ်မ ၃ (ဖ) တွင် ဖော်ပြထားသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။

**Cheating** - defined in the Penal Code Section 415 is as follows:-

Whoever, by deceiving any person, fraudulently or dishonestly induces the person so deceived to deliver any property to any person, or to consent that any person shall retain any property, or intentionally induces the person so deceived to do or omit to do anything which he would not do or omit if he were not so deceived, and which act or omission causes or is likely to cause damage or harm to that person in body, mind, reputation or property, is said to "cheat".

Explanation. – A dishonest concealment of facts is a deception within the meaning of this section.

**လိမ်လည်မှု–** ရာဇသတ်ကြီး ပုဒ်မ ၄၁၅ အရ လိမ်လည်မှုဆိုသည်မှာ "မည်သူမဆို သူတစ်ဦးဦးအား လှည့်ဖြားခြင်းဖြင့် ထိုသို့လှည့်ဖြားခံရသောသူက သူတစ်ဦးအား ပစ္စည်းတစ်ခုခုကို ပေးအပ်စေရန်ဖြစ်စေ၊ သူတစ်ဦးထံတွင် ပစ္စည်းတစ်ခုခု

ကို ဆက်လက်ထားရှိသည်ကို သဘောတူစေရန်ဖြစ်စေ ထိုသို့လှည့်ဖြားခြင်းခံရသူအား လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်သော်လည်းကောင်း၊ မရိုးမဖြောင့်သောသဘောဖြင့်သော်လည်းကောင်း သွေးဆောင်လျှင် သို့မဟုတ် သူတစ်ဦးဦးအား လှည့်ဖြားခြင်းဖြင့် ထိုသို့လှည့်ဖြားခြင်းခံရသော သူက အကယ်၍ လှည့်ဖြားခြင်းမခံရခဲ့သော် မိမိ ပြုမည်မဟုတ်သော သို့မဟုတ် မိမိပျက်ကွက်မည်မဟုတ်သော အရာကို ပြုစေရန်သော်လည်းကောင်း၊ မပြုဘဲ ပျက်ကွက်စေရန် သော်လည်းကောင်း၊ ထိုသို့လှည့်ဖြားခြင်းခံရသောသူအား တမင်သွေးဆောင်လျှင် ထို့ပြင် ထိုပြုလုပ်မှုက သို့မဟုတ် ထိုပျက်ကွက်မှုက ထိုသူ၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ ပျက်စီးနစ်နာစေခြင်းသော်လည်းကောင်း၊ အန္တရာယ်သော်လည်းကောင်း၊ ဖြစ်စေလျှင် သို့မဟုတ် ထိုသို့ဖြစ်စေတန်ရာလျှင် ထိုသူသည် လိမ်လည်သည်မည်၏။
**ရှင်းလင်းချက်။** မရိုးမဖြောင့်သော သဘောဖြင့် အကြောင်းခြင်းရာများကို ထိမ်ချန်ခြင်းသည် ဤပုဒ်မ၏ အဓိပ္ပါယ်အရ လှည့်ဖြားခြင်းမည်၏။

**Consequential Losses-** Any direct or indirect adverse impact caused by damage or losses of any insured motor vehicle that may arise from a special circumstance of the case, not in the usual course of things.
**အကျိုးဆက်ဆုံးရှုံးမှုများ-** အကျိုးဆက်ဆုံးရှုံးမှုများဆိုသည်မှာ ပုံမှန်မဟုတ်သည့် အထူးအခြေအနေတစ်ရပ်၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ထိခိုက်မှုတစ်ခုခုကြောင့် အာမခံထားသည့် မော်တော်ယာဉ်၏ ပျက်စီးခြင်း သို့မဟုတ် ဆုံးရှုံးမှုများကို ဆိုလိုသည်။

**Criminal breach of trust** - defined in the Penal Code Section 405 is as follows:-
Whoever, being in any manner entrusted with property, or with any dominion over property, dishonestly misappropriates or converts to his own use that property, or dishonestly uses or disposes of that property in violation of any direction of law prescribing the mode in which such trust is to be discharged, or of any legal contract, express or implied, which he has made touching the discharge of such trust, or willfully suffers any other person so to do, commits "**Criminal breach of trust**".
**ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု** – ရာဇသတ်ကြီး ပုဒ်မ ၄၀၅ အရ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုဆိုသည်မှာ မည်သူမဆိုပစ္စည်းကို သို့မဟုတ် ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်ကို တစ်နည်းနည်း ဖြင့် ယုံကြည်အပ်နှံခြင်း ခံရသည်တွင် ထိုပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုလျှင် သို့မဟုတ် မိမိပိုင်ပစ္စည်းအဖြစ် ပြောင်းလဲလျှင် သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသည့်အတိုင်း ဆောင်ရွက်ရန် နည်းလမ်းကို ပြဋ္ဌာန်းသည့် ဥပဒေညွှန်ကြားချက်ကို ဖောက်ဖျက်ကျူးလွန်၍သော်လည်းကောင်း၊ ယုံကြည်အပ်နှံခြင်းခံရသည့် အတိုင်း ဆောင်ရွက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ အတိအလင်းဖြစ်စေ၊ သဘောသက်ရောက် စေခြင်းဖြင့်ဖြစ်စေ၊ မိမိချုပ်ဆို သော ဥပဒေနှင့်ညီသည့် ပဋိညာဉ်ကို ဖောက်ဖျက်ကျူးလွန်၍ သော်လည်းကောင်း၊ ထိုပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် သုံးစွဲခြင်းကို သို့မဟုတ် စီမံခန့်ခွဲခြင်းကိုပြုလျှင် သို့မဟုတ် အခြားသူက ထိုသို့ပြုသည်ကို တမင်ခွင့်ပြုလျှင် ထိုသူသည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်သည်မည်၏။

**Gross negligence** - Gross negligence means as reckless conduct of the need to use reasonable care, with respect to any act in a manner so rash or negligent as to endanger human life, or to belikely to cause hurt or injury to any other person, to cause damage or loss own property and/or others, knowingly or negligently omit to take such conduct.

**လွန်စွာပေါ့လျော့ခြင်း-** လွန်စွာပေါ့လျော့ခြင်း ဆိုသည်မှာ လူ့အသက်ကို အန္တရာယ်ဖြစ်စေအောင်သော်လည်းကောင်း၊ သူတစ်ဦးဦးကို နာကျင်စေနိုင်လောက်အောင် သို့မဟုတ် နစ်နာစေလောက်အောင်သော်လည်းကောင်း၊ မိမိကိုယ်ပိုင်ပစ္စည်း နှင့်/သို့မဟုတ် အခြားသူများ၏ ပစ္စည်းများကို ပျက်စီးစေရန် သို့မဟုတ် ဆုံးရှုံးစေရန်သော်လည်းကောင်း ဖြစ်သင့်ဖြစ်ထိုက်သော ထိန်းသိမ်းစောင့်ရှောက်မှုလိုအပ်သည်ကို သိလျက်နှင့်ဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ ဆင်ခြင်မဲ့စွာပြုမူခြင်းကိုဆိုသည်။

**Excess -** Excess (also known as a deductible) is insurer has agreed to waive, or not collect as additional premium, the insurance policy excess in the event of a claim being lodged or made by insured when the insured claims, the insurer first remove the excess from any claimed amount as part of the settlement.
**နုတ်ဖြတ်ငွေ-** နုတ်ဖြတ်ငွေ ဆိုသည်မှာ အာမခံကုမ္ပဏီမှ အာမခံပေါ်လစီတွင် လျော်ကြေးပေါ်ပေါက်ပါက လျော်ကြေးငွေ၏ ပမာဏတစ်ခုကို ကနဦးနုတ်ယူခြင်းဖြစ်ပြီး ယင်းနုတ်ယူထားသည့် ပမာဏအား အာမခံထားသူ၏ သဘောတူညီချက်အရ ၎င်းထံမှ ထပ်ဆောင်းပရီမီယံအဖြစ် ကောက်ခံထားမှုမရှိခြင်းကိုဆိုသည်။

**Of Mischief/Malicious act** - defined in the Penal Code Section 425 is as follows:-
Whoever, with intent to cause, or knowing that he is likely to cause, wrongful loss or damage to the public or to any person, causes the destruction of any property, or any such change in any property or in the situation there of as destroys or diminishes its value or utility, or affects it injuriously, commits "mischief." Provided in this Policy that **Of Mischief/Malicious act** does not include **Acts of Terrorism** as defined in this article.
**အကျိုးဖျက်ဆီးမှု/မသမာသည့်လုပ်ရပ်** - ရာဇသတ်ကြီး ပုဒ်မ ၄၂၅ အရ အကျိုးဖျက်ဆီးမှု/မသမာသည့်လုပ်ရပ် ဆိုသည်မှာ မည်သူမဆို အများပြည်သူကိုဖြစ်စေ၊ သူတစ်ဦးဦးကိုဖြစ်စေ မတရားသဖြင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးနစ်နာခြင်းဖြစ်စေရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးနစ်နာခြင်း ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ပစ္စည်းတစ်ခုခုကို ဖျက်ဆီးလျှင် သို့မဟုတ် ပစ္စည်း၏ တန်ဖိုးကိုဖြစ်စေ၊ အသုံးဝင်မှုကိုဖြစ်စေ ပျက်စီးအောင်သို့မဟုတ် ယုတ်လျော့အောင် သို့မဟုတ် နစ်နာလောက်အောင် ထိုပစ္စည်း၌ သို့မဟုတ် ထိုပစ္စည်းအနေအထား၌ ပြောင်းလဲခြင်းကိုဖြစ်စေလျှင် ထိုသူသည် အကျိုးဖျက်ဆီးမှုကို ကျူးလွန်သည် မည်၏။ ယခုစာပိုဒ်ပါ အကျိုးဖျက်ဆီးမှု/မသမာသည့်လုပ်ရပ်ဆိုရာတွင် ဤပေါ်လစီ၌ ဖော်ပြထားသော အကြမ်းဖက်သည့် လုပ်ရပ်၊ အကြမ်းဖက်ဖျက်စီးမှုများပါဝင်ခြင်းမရှိပါ။

**Policy Schedule** – the document that identifies the policyholder and sets out details of the cover **Your** policy provides.
**ပေါ်လစီအကျဉ်းချုပ်** - ပေါ်လစီပိုင်ရှင်အား သတ်မှတ်ဖော်ပြထားပြီး ပေါ်လစီက ပေးအပ်ထားသည့် အာမခံအကာအကွယ်အသေးစိတ် အချက်အလက်များကို ဖော်ပြထားသော စာရွက်စာတမ်းဖြစ်သည်။

**Theft** - as defined in the Penal Code Section 378 is as follows: -
Whoever, intending to take dishonestly any moveable property out of the possession of any person without that person's consent, moves that property in order to such taking is said to commit **theft**.

**ခိုးမှု–** ရာဇသတ်ကြီး ပုဒ်မ ၃၇၈ အရ ခိုးမှုဆိုသည်မှာ သူတစ်ဦးဦး၏ လက်ရှိမှ ထိုသူသဘောမတူဘဲ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခုကို ယူရန်ကြံရွယ်၍ ထိုသို့ယူရန်ကိစ္စအလို့ငှာ ထိုပစ္စည်းကို ရွှေ့စေလျှင် ထိုသူသည် ခိုးမှုကျူးလွန်သည်မည်၏။

**We/Us/Our– the Insurance Company (or Company's Name)**
**You/Your/Yourself** - the Policyholder and/or Insured; Apart from **You**, Insured in this Policy includes **Your** spouse, whether de jure or de facto, in the same household as **Yours** and **Your** authorised driver(s). **Your** authorised driver(s) include any person who has held and is not disqualified from holding or obtaining such a license to drive **Your** Vehicle under any required laws, by-laws and regulations and expressly obtained **Your** consent, permission, order or authorization to drive **Your** Vehicle. Full name(s) of **Your** authorised driver(s) must be specified in the Policy Schedule. If names of all of **Your** authorised drivers are too many to be specified in the Policy Schedule, **You** may declare the clear definition of **Your** authorised drivers which can alternatively be specified in the **Policy Schedule** instead of their names. Any Person, in this Policy means a person other than **You** as Policyholder and/or Insured and **Your** authorised drivers.

**ကျွန်ုပ်တို့သည်/ကျွန်ုပ်တို့ကို/ကျွန်ုပ်တို့၏ – အာမခံကုမ္ပဏီ (သို့မဟုတ် ကုမ္ပဏီအမည်)**
**သင်/သင်၏/သင်ကိုယ်တိုင် - ပေါ်လစီပိုင်ရှင်နှင့်/သို့မဟုတ် အာမခံထားသူ။**
ဤပေါ်လစီတွင် ပါရှိသော အာမခံထားသူအပြင်၊ တရားဝင်သည်ဖြစ်စေ၊ တရားမဝင်သည်ဖြစ်စေ၊ သင်၏အတူနေအိမ်ထောင်ဖက်နှင့် သင်ကခွင့်ပြုထားသော ယာဉ်မောင်းများ အပါအဝင်ဖြစ်သည်။ သင်ကခွင့်ပြုထားသော ယာဉ်မောင်းများတွင် ပါဝင်သူများမှာ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းကမ်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ အရ အရည်အချင်းပြည့်မီသော မောင်းနှင်ခွင့်ရှိသည့် လိုင်စင်များကို ကိုင်ဆောင်သူများဖြစ်ရမည်။ ထို့အပြင် သင်၏ သဘောတူညီချက်ဖြင့် သင်၏ ယာဉ်ကိုမောင်းနှင်ရန် သဘောတူ၊ ခွင့်ပြု၊ ညွှန်ကြားပြီး အခွင့်အာဏာ လွှဲအပ်ထားသည်ဟု ဖော်ပြထားသူများသာဖြစ်ရမည်။ ပေါ်လစီအကျဉ်းချုပ်တွင် သင်ကခွင့်ပြုထားသော ယာဉ်မောင်းများအမည်အပြည့်အစုံကို တိကျစွာဖော်ပြရမည်။ အဆိုပါ အကျဉ်းချုပ်တွင် ဖော်ပြရန်အတွက် သင်ကခွင့်ပြုထားသော ယာဉ်မောင်းများ အမည်သည် လွန်စွာများပြားနေပါက ပေါ်လစီအကျဉ်းချုပ်တွင်ဖော်ပြမည့်အစား သင့်အနေဖြင့် ရှင်းလင်း ပြတ်သားစွာ သီးခြားဖော်ပြနိုင်သည်။ ဤပေါ်လစီရှိ မည်သူမဆို ဆိုသည်မှာ ပေါ်လစီပိုင်ရှင်ဖြစ်သော သင် သို့မဟုတ် အာမခံထားသူနှင့် သင်ကခွင့်ပြုထားသော ယာဉ်မောင်းများကို ဆိုသည်။

**Wear and Tear**

Wear and Tear means the damage that happens to an insured Vehicle in ordinary use during a period or/ and in the normal deterioration of the insured Vehicle (any defect of the Vehicle's accessories during its useful life) except the damage results from an insured's failure to properly maintain, repair, and replace deteriorated or defective portions of the insured Vehicle.

**သာမန်အခြေအနေအတွင်း ယိုယွင်းပျက်စီးမှု**

သာမန်အခြေအနေအတွင်း ယိုယွင်းပျက်စီးမှုဆိုသည်မှာ အာမခံထားသူအနေဖြင့် မော်တော်ယာဉ်အား သင့်လျော်စွာ ပြုပြင်ထိန်းသိမ်းရန်၊ ပြင်ဆင်ရန်နှင့် ချို့ယွင်းသည့် သို့မဟုတ် အားနည်းသည့် မော်တော်ယာဉ်၏ အစိတ်အပိုင်းများကို အစားထိုးသုံးစွဲရန် ပျက်ကွက်ခြင်းကြောင့် ပေါ်ပေါက်လာသည့် ချို့ယွင်းပျက်စီးမှုများမှလွဲ၍ အာမခံထားသော မော်တော်ယာဉ်အား ပုံမှန် အသုံးပြုနေစဉ်အတွင်း ချို့ယွင်းပျက်စီးမှု နှင့်/ သို့မဟုတ် အာမခံ

ထားသော မော်တော်ယာဉ်၏ ပုံမှန်ယိုယွင်းပျက်စီးမှု (မော်တော်ယာဉ်အစိတ်အပိုင်းများ အသုံးပြုနိုင်သည့် သက်တမ်း အတွင်း ချို့ယွင်းပျက်စီးမှု) များကို ဆိုသည်။

**Your Vehicle** - the Vehicle or machine of any type capable of being driven to move by means of mechanical, electrical or some other power with more than two wheels (excluding Motor cycle), its standard factory-fitted **Accessories** and any other additional **Accessories** as described in the **Policy Schedule**.
**သင်၏မော်တော်ယာဉ် –** ဆိုသည်မှာ ပေါ်လစီအကျဉ်းချုပ်တွင်ဖော်ပြထားသည့် (မော်တော်ဆိုင်ကယ်မှအပ) နှစ်ဘီး ထက်ပိုသော စက်အားကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားစွမ်းအင် တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြုသည့် စက်ရုံစံနှုန်းအရ တပ်ဆင်ထားသည့် ဆက်စပ်ပစ္စည်းများနှင့် အခြားအပို ဆက်စပ်ပစ္စည်းများ တပ်ဆင်အသုံးပြု၍ မောင်းနှင်ရွေ့လျားနိုင်သော မည်သည့်ယာဉ်နှင့် စက်ယန္တရားများမဆို ဖြစ်သည်။

**Your household** - all members of **Your** immediate family (i.e. Spouse, Children including legally adopted Children, Parents, Brothers and Sisters).
**သင်၏အိမ်ထောင်စု –** သင်၏ အရင်းအခြာမိသားစုဝင်များ (အိမ်ထောင်ဖက်၊ သားသမီးများ၊ တရားဝင်မွေးစား ထားသော သားသမီးများ အပါအဝင်မိဘများ၊ ညီအစ်ကို မောင်နှမများ)ကို ဆိုသည်။

**The Knock for Knock Agreement -** The Knock for Knock Agreement is an agreement between two insurance companies whereby, when both companies' policy-holders incur losses in the same insured event (usually a motor accident), each insurance company pays the losses sustained by its own policy-holder regardless of who was responsible.
**Knock for Knock သဘောတူညီချက်** - အာမခံကုမ္ပဏီနှစ်ခုအကြားရှိ ကုမ္ပဏီတစ်ခုစီ၏ ပေါ်လစီပိုင်ရှင်အသီးသီး သည် တူညီသောဖြစ်ရပ်တစ်ခု(ဖြစ်လေ့ရှိသောမော်တော်ယာဉ်မတော်တဆထိခိုက်မှုများ)တွင် ဆုံးရှုံးမှုများ ပေါ်ပေါက် ခဲ့ပါက အာမခံကုမ္ပဏီတစ်ခုစီအနေဖြင့် ဆုံးရှုံးမှုအားလုံးကို ပေးလျော်ရန် ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ မိမိတို့ကုမ္ပဏီ နှင့် သက်ဆိုင်သော ပေါ်လစီပိုင်ရှင်၏ ဆုံးရှုံးမှုကိုသာ ပေးလျော်ရန်ချုပ်ဆိုထားသော စာချုပ်ဖြစ်သည်။

**Fleet Discount** - If the Insured takes out insurance for 10 vehicles and above simultaneously, Fleet discount will be provided by reducing 10% on the basic premium.
**အုပ်စုလျှော့နှုန်း** - အကယ်၍ အာမခံထားသူတစ်ဦးမှ မော်တော်ယာဉ် (၁၀) စီးနှင့်အထက် တစ်ပြိုင်တည်း အာမခံ ထားရှိပါက အခြေခံ ပရီမီယံပေါ်မှ (၁၀) ရာခိုင်နှုန်းလျှော့၍ အုပ်စုလျှော့နှုန်း (Fleet Discount) အဖြစ် ပေးမည်ဖြစ် ပါသည်။

**Short Period Rate -** The insurance term is from a minimum of 3 months to a maximum of 12 months. For the short period, the rates are as follows;

| | |
|---|---|
| Up to 3 months | 35% of the annual premium |
| More than 3 months to 6 months | 60% of the annual premium |
| More than 6 months to 9 months | 85% of the annual premium |
| 9 months above | 100% of the annual premium |

**သက်တမ်းတိုနှုန်း** - အာမခံသက်တမ်းသည် အနည်းဆုံး (၃) လမှ အများဆုံး (၁၂) လအထိ ဖြစ်ပါသည်။ သက်တမ်းတို အတွက် နှုန်းထားများမှာ အောက်ပါအတိုင်း ဖြစ်သည်-

| | |
|---|---|
| ၃လ အထိ | တစ်နှစ်ပရီမီယံ၏ ၃၅% |
| ၃လအထက်နှင့် ၆လ အထိ | တစ်နှစ်ပရီမီယံ၏ ၆၀% |
| ၆လအထက်နှင့် ၉လ အထိ | တစ်နှစ်ပရီမီယံ၏ ၈၅% |
| ၉လ အထက် | တစ်နှစ်ပရီမီယံ၏ ၁၀၀% |

## Section A: Loss or Damage to Your Vehicle

## အပိုင်း (က) သင်၏ မော်တော်ယာဉ် ထိခိုက်ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှု

This section spells out what **We** cover under this Section A and is only applicable if **You** have Own Damage cover.

ဤအပိုင်းတွင် ရှင်းလင်းဖော်ပြထားသည်မှာ သင်၏ မော်တော်ယာဉ်ထိခိုက်မှုအတွက်ကိုသာ အကာအကွယ် ရယူထားလျှင် ဤအပိုင်း (က)တွင် ကျွန်ုပ်တို့က ပေးအပ်ထားသည့် အကာအကွယ်များသာ အကျုံးဝင်သက်ဆိုင်ခြင်း ဖြစ်သည်။

### 1a: What is Covered

**We** will indemnify **You** if **Your Vehicle** is lost or damaged during the Period of Insurance arising from the following Incidents:

(a) accidental collision or overturning;
(b) collision or overturning caused by mechanical breakdown;
(c) collision or overturning caused by wear and tear;
(d) fire, external explosion, self-ignition or lightning
(e) Of Mischief/Malicious act;
(f) while in transit i.e. being carried from one place to another (including during loading and unloading) of **Your Vehicle** by:
  i. Road;
  ii. rail;
  iii. inland waterway i.e. across a river or canal etc;
  iv. Lift or elevator
(g) impact damage caused by falling objects provided no convulsions of nature is involved

**၁။(က) ပေးအပ်ထားသည့်အကာအကွယ်များ**

သင်၏မော်တော်ယာဉ်သည် အာမခံသက်တမ်းအတွင်း အောက်ပါအခြေအနေများကြောင့် ဆုံးရှုံးမှု သို့မဟုတ် ထိခိုက်မှုဖြစ်ပေါ်လျှင် ကျွန်ုပ်တို့သည် သင့်အတွက် ပေးလျော်မည်ဖြစ်သည်-

(က) မတော်တဆတိုက်မိခြင်း သို့မဟုတ် မတော်တဆ တိမ်းမှောက်ခြင်း၊
(ခ) တိုက်မိခြင်း သို့မဟုတ် တိမ်းမှောက်ခြင်းသည် စက်ချို့ယွင်းမှုကြောင့် ဖြစ်ခြင်း၊
(ဂ) တိုက်မိခြင်း သို့မဟုတ် တိမ်းမှောက်ခြင်းသည် သာမန်အခြေအနေအတွင်း ယိုယွင်းပျက်စီးမှုကြောင့် ဖြစ်ခြင်း၊

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

(ဃ) မီးလောင်ခြင်း၊ ပြင်ပပေါက်ကွဲခြင်း၊ ပြင်ပမီးပွား သို့မဟုတ် မီးတောက်ကြောင့် မဟုတ်သော အလိုအလျောက် လောင်ကျွမ်းခြင်း သို့မဟုတ် အတွင်းတွင် လောင်ကျွမ်းခြင်း သို့မဟုတ် လျှပ်စစ်စီးခြင်း/မိုးကြိုးပစ်၍လောင်ကျွမ်းခြင်း၊

(င) အကျိုးဖျက်ဆီးမှု/မသမာသည့်လုပ်ရပ်၊

(စ) သင်၏မော်တော်ယာဉ်ကို တစ်နေရာမှတစ်နေရာသို့ သယ်ယူပို့ဆောင်နေစဉ် (အတင်အချပြုလုပ်ခြင်း အပါအဝင်)

၁။ လမ်းများ၊

၂။ ရထားလမ်းများ၊

၃။ ကုန်းတွင်းရေလမ်းကြောင်းများ မြစ် သို့မဟုတ် တူးမြောင်းများကိုဖြတ်ကူးခြင်း၊

၄။ ရွေ့လျားစက်လှေခါး သို့မဟုတ် ဓာတ်လှေကားဖြင့် သယ်ယူပို့ဆောင်ခြင်း

(ဆ) သဘာဝတရား၏ ဖောက်ပြန်မှုမဟုတ်သော ပစ္စည်းများ အပေါ်မှ ကျရောက်ခြင်းကြောင့် ထိခိုက်ပျက်စီးခြင်း။

## 1b: What is NOT Covered

The events **We** do not cover are the exceptions listed below. These exceptions are specific to Section A and are in addition to exceptions listed in Section F and the applicable additional covers.

**၁။(ခ) အကျုံးမဝင်သောအကာအကွယ်များ**

ကျွန်ုပ်တို့ အကာအကွယ်မပေးသော ဖြစ်ရပ်များမှာ အောက်တွင်ဖော်ပြထားသည့် အကျုံးမဝင်သည့် ဖြစ်ရပ်များဖြစ်သည်။ ဤအကျုံးမဝင်သည့် အချက်များကို ဤအပိုင်း(က)တွင် သီးခြားဖော်ပြထားခြင်းဖြစ်သည့်အပြင် အပိုင်း(စ) တွင် ဖော်ပြထားသော အပိုအကာအကွယ်များဖြင့်လည်း သက်ဆိုင်သည်။

**We will not pay for the following losses:**

**အောက်ပါဆုံးရှုံးမှုများအတွက် ကျွန်ုပ်တို့မှ ပေးလျော်မည် မဟုတ်ပါ။**

**(a) Consequential Losses**

Any direct or indirect losses of any kind that may arise as a consequence of any Incident other than that provided for in Section A2.

**(က) အကျိုးဆက်ဆုံးရှုံးမှုများ**

အပိုင်း (က)(၂)တွင် ဖော်ပြထားသော အဖြစ်အပျက်များမှ လွဲ၍ အခြားမည်သည့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သည့်ဖြစ်ရပ်များကြောင့်မဆို ဖြစ်ပေါ်လာနိုင်သည့် ဆက်စပ်၍ ဖြစ်ပေါ်သော ဆုံးရှုံးမှုများ။

**(b) Depreciation**

The loss of value of **Your Vehicle** due to the damage sustained or the time taken to repair the Vehicle, and / or for any loss or damage that results over a prolonged period of time due to wear and tear, rust and corrosion.

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

**(ခ) တန်ဖိုးလျော့ခြင်း**

သင်၏မော်တော်ယာဉ်ကို အချိန်ကြာမြင့်စွာ ထိန်းသိမ်းစောင့်ရှောက်မှုမရှိသည့်အတွက် သာမန်အခြေအနေအတွင်း ယိုယွင်းပျက်စီးမှုကြောင့်ဖြစ်ခြင်း၊ သံချေးတက်ခြင်းနှင့် ဟောင်းနွမ်းဆွေးမြေ့ခြင်းကြောင့် ဖြစ်ပေါ်လာသော မည်သည့် ပျက်ဆီးဆုံးရှုံးမှုများမဆို နှင့်/သို့မဟုတ် မော်တော်ယာဉ်၏ ထိခိုက်ပျက်စီးမှု အတိုင်းထားရှိခြင်း သို့မဟုတ် ပြင်ဆင်ရန် အချိန်ကြာမြင့်စွာယူခြင်းတို့ကြောင့် မော်တော်ယာဉ်၏ တန်ဖိုးဆုံးရှုံးသွားခြင်း။

**(c) Breakdown or Malfunction of Parts**

Any mechanical, electrical or electronic breakdown, equipment or computer malfunction, or any other failure or breakdown to **Your Vehicle**.

**(ဂ) အစိတ်အပိုင်းများ ပျက်စီးခြင်း သို့မဟုတ် ချွတ်ယွင်းခြင်း**

သင်၏မော်တော်ယာဉ်ရှိ မည်သည့်စက်ပစ္စည်း၊ လျှပ်စစ် သို့မဟုတ် အီလက်ထရောနစ် ပစ္စည်းများ ပျက်စီးမှုနှင့် တပ်ဆင်ပစ္စည်းများ သို့မဟုတ် ကွန်ပျူတာချွတ်ယွင်းမှု သို့မဟုတ် မည်သည့်အားနည်း ယုတ်လျော့မှု သို့မဟုတ် ပျက်စီးမှုများ။

**(d) Damage to Tyre(s)**

Any damage to the tyre(s) of **Your Vehicle** unless other parts of **Your Vehicle** are also damaged at the same time in an accident.

**(ဃ) တာယာ(များ)ပျက်စီးခြင်း**

သင့်မော်တော်ယာဉ်၏ အခြားအစိတ်အပိုင်းများ ထိခိုက်ပျက်စီးမှုနှင့် တစ်ချိန်တည်း မတော်တဆ ထိခိုက်ပျက်စီးမှုမှ လွဲ၍ သင့်မော်တော်ယာဉ်၏ တာယာ(များ) မည်သည့်ထိခိုက်ပျက်စီးမှုမဆို။

**(e) Cheating or Criminal Breach of Trust**

Any loss or damage caused by or attributed to the act of **Cheating** or **Criminal breach of trust** by any person.

**(င) လိမ်လည်မှု သို့မဟုတ် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု**

မည်သူမဆို၏ လိမ်လည်မှု သို့မဟုတ် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကြောင့် ဖြစ်သည်ဟု သတ်မှတ်ခြင်းကြောင့် သို့မဟုတ် လုပ်ဆောင်ခြင်းကြောင့်ဖြစ်သည့် မည်သည့်ပျက်စီးမှု သို့မဟုတ် ထိခိုက်ဆုံးရှုံးမှုမျိုးကို မဆို။

**(f) Loss of Use**

Any expense or financial loss that **You** may incur because **You** cannot use **Your Vehicle** e.g. cost of hiring replacement vehicle, travelling expenses etc.

**(စ) အသုံးပြုမှုဆုံးရှုံးခြင်း**

သင်၏မော်တော်ယာဉ်ကို သင်သုံးစွဲခြင်း မပြုနိုင်သောကြောင့် သင့်တွင် ဖြစ်ပေါ်နိုင်သော မည်သည့် ကုန်ကျစရိတ် သို့မဟုတ် ငွေကြေးဆုံးရှုံးမှုကိုမဆို (ဥပမာ မော်တော်ယာဉ်အစားထိုးငှားရမ်းခ၊ ခရီးစရိတ်များ စသဖြင့်)

**(g) Windscreen Damage**

breakages of singular breakage of front windscreen including lamination / tinting film, if any;

| |
|---|
| For an additional premium, **Your** Policy can be extended to cover for (Additional Cover Number 001). |

**(ဆ) လေကာမှန်ပျက်စီးခြင်း**

မော်တော်ယာဉ်ရှေ့မျက်နှာစာရှိ လေကာမှန် ကျိုးပဲ့ခြင်း၊ အကယ်၍ ပလတ်စတစ်အလွှာများဖြင့် မွမ်းမံထားသော (lamination/ tinting film) အပါအဝင် မည်သည်မဆို

| |
|---|
| ထပ်ဆောင်းပရီမီယံဖြင့် သင်၏ပေါ်လစီကိုအကာအကွယ်တိုးချဲ့ရယူနိုင်သည်။ (အပိုအကာအကွယ်နံပါတ် ၀၀၁) |

**(h) Excess**

The amount of Excess stated in the Schedule. This is the first amount that **You** have to bear in respect of each and every claim under the Policy. However, this clause does not apply to Section A2b and SectionA3. If **We** want to increase the excess value and also **You** want to get a further increase, **You** are entitled to a discount on the premium. The premium amount to be reduced and the value of the increased excess is shown in the table below.

**Table of Excess Amount and Additional/Discount Premium**

| Types of Excess | Excess Amount | | Premium (USD) | | Premium (MMK) | |
|---|---|---|---|---|---|---|
| | USD | MMK | Additional | Discount Value | Additional | Discount Value |
| Nil Excess: | 0 | 0 | 25 | - | 25,000 | - |
| Standard Excess: | 100 | 100,000 | 0 | 0 | 0 | 0 |
| Additional Excess: | | 200,000 | 0 | 0 | 0 | 25,000 |
| | | 300,000 | 0 | 0 | 0 | 35,000 |
| | | 500,000 | 0 | 0 | 0 | 60,000 |

* minimum sum insured (20,000,000MMK) will be applied to each additional excess

**(ဇ) နုတ်ဖြတ်ငွေ**

အကျဉ်းချုပ်တွင် ဖော်ပြထားသည့် နုတ်ဖြတ်ငွေတန်ဖိုးဖြစ်သည်။ ၎င်းသည် ပေါ်လစီအရ လျော်ကြေးတောင်းဆိုမှု တစ်ခုချင်းစီနှင့် စပ်လျဉ်း၍ သင်ဦးစွာကျခံရမည့် တန်ဖိုးဖြစ်သည်။ သို့သော် ဤအပိုဒ်ကို အပိုင်း(က) (၂)(ခ) နှင့် အပိုင်း(က)(၃)တို့တွင် အသုံးမပြုပါ။ အကယ်၍ ကျွန်ုပ်တို့က နုတ်ဖြတ်ငွေတန်ဖိုးကို ထပ်မံတိုးမြှင့်လိုခြင်းနှင့် သင်ကလည်း ထပ်မံတိုးမြှင့်လိုပါက သင့်အနေဖြင့် ကျသင့်ပရီမီယံပေါ်မှ လျော့ပေါ့မှုကို ခံစားခွင့်ရှိသည်။ လျော့ပေးမည့်ငွေနှင့်တိုးမြှင့်နုတ်ဖြတ်ငွေတန်ဖိုးကို အောက်ပါဇယားဖြင့် ဖော်ပြပါသည်။

### နုတ်ဖြတ်ငွေတန်ဖိုးနှင့် ထပ်ဆောင်း/လျှော့ပေါ့ပရီမီယံဇယား

| နုတ်ဖြတ်ငွေအမျိုးအစား | နုတ်ဖြတ်ငွေပမာဏ | | ပရီမီယံ (USD) | | ပရီမီယံ (ကျပ်) | |
|---|---|---|---|---|---|---|
| | USD | ကျပ် | ထပ်ဆောင်း | လျှော့ပေးငွေ | ထပ်ဆောင်း | လျှော့ပေးငွေ |
| နုတ်ဖြတ်ငွေမရှိ | ၀ | ၀ | ၂၅ | - | ၂၅,၀၀၀ | - |
| စံနုတ်ဖြတ်ငွေ | ၁၀၀ | ၁၀၀,၀၀၀ | ၀ | ၀ | ၀ | ၀ |
| ထပ်မံနုတ်ဖြတ်ငွေ | ၀ | ၂၀၀,၀၀၀ | ၀ | ၀ | ၀ | ၂၅,၀၀၀ |
| | ၀ | ၃၀၀,၀၀၀ | ၀ | ၀ | ၀ | ၃၅,၀၀၀ |
| | ၀ | ၅၀၀,၀၀၀ | ၀ | ၀ | ၀ | ၆၀,၀၀၀ |

* ထပ်မံနုတ်ဖြတ်ငွေအား အနည်းဆုံးအာမခံထားငွေကျပ် (၂၀,၀၀၀,၀၀၀) မှစတင်၍ ကျင့်သုံးမည် ဖြစ်သည်။

**(i) willful acts or acts of gross negligence**

any accident, loss, damage or charges directly or indirectly caused by or contributed to or arising from willful acts or acts of gross negligence by **You** or **Your** authorised drivers.

**(ဈ) တမင်ကျူးလွန်ခြင်း သို့မဟုတ် လွန်စွာပေါ့လျော့ခြင်းလုပ်ရပ်များ**

သင် သို့မဟုတ် သင်က ခွင့်ပြုထားသော ယာဉ်မောင်းများ၏ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တမင်ကျူးလွန်ခြင်း သို့မဟုတ် လွန်စွာပေါ့လျော့ခြင်းလုပ်ရပ်များကြောင့် ဖြစ်ပေါ်လာသော သို့မဟုတ် ပူးပေါင်းကျခံပေးရသော သို့မဟုတ် ကျရောက်လာသော မည်သည့်မတော်တဆထိခိုက်မှု၊ ဆုံးရှုံးမှု၊ ထိခိုက်ပျက်စီးမှု သို့မဟုတ် ကုန်ကျစရိတ်များကိုမဆို။

**(j) burglary, housebreaking or Theft;**

Any loss or damage caused by burglary, housebreaking or **Theft**

| |
|---|
| For an additional premium, **Your** Policy can be extended to cover for (Additional Cover Number 003). |

**(ည) ဖောက်ထွင်းမှု၊ ချိုးဖျက်မှု သို့မဟုတ် ခိုးမှု**

ဖောက်ထွင်းမှု၊ ချိုးဖျက်မှု သို့မဟုတ် ခိုးမှုကြောင့် မည်သည့်ဆုံးရှုံးမှု သို့မဟုတ် ထိခိုက်မှုများမဆို။

| |
|---|
| ထပ်ဆောင်းပရီမီယံဖြင့် သင်၏ပေါ်လစီကို အကာအကွယ်တိုးချဲ့ရယူနိုင်သည်။ (အပိုအကာအကွယ်နံပါတ် ၀၀၃) |

## 2. Basis of Settlement

This section explains how **We** will settle **Your** claim once **We** accept that it is payable under Section A. If **Your Vehicle** is damaged as a result of any Incident, **We** have the option of doing the following:

## ၂။ ပေးချေရမည့်အခြေခံအချက်

ဤအပိုင်းသည် သင်၏လျော်ကြေးတောင်းခံမှုကို အပိုင်း(က)အရ ပေးချေနိုင်သည်ဟု ကျွန်ုပ်တို့ လက်ခံသည့်အခါ ကျွန်ုပ်တို့ မည်သို့ပေးချေမည့်အချက်ကို ရှင်းပြသည့် အပိုင်းဖြစ်သည်။ အကယ်၍ သင်၏မော်တော်ယာဉ်

သည် မည်သည့် ဖြစ်ရပ်ကြောင့်မဆို ဆုံးရှုံးပျက်စီးခဲ့ပါက ကျွန်ုပ်တို့အနေဖြင့် အောက်ပါအတိုင်း ရွေးချယ်ဆောင်ရွက်မည် ဖြစ်သည်-

**a. If Your Vehicle is Repairable**

If in **Our** opinion **Your Vehicle** is economical to repair, **We** have the option to:

- arrange for **Your Vehicle** to be repaired at repairer and pay the cost of repairing **Your Vehicle** to the condition which is as near as possible to the condition it was in before the loss happened;
- pay **You** in cash the amount **We** estimate it would cost to repair **Your Vehicle**; or
- reinstate or replace **Your Vehicle** with one of the same make, model, age and general condition.

**(က) သင်၏မော်တော်ယာဉ်သည် ပြုပြင်၍ ရမည်ဆိုပါလျှင်**

အကယ်၍ ကျွန်ုပ်တို့ ထင်မြင်ချက်အရ သင်၏မော်တော်ယာဉ်ကို ပြုပြင်ရန်အတွက် စရိတ်သက်သာမည်ဖြစ်လျှင် ကျွန်ုပ်တို့အနေဖြင့် အောက်ပါအတိုင်း ရွေးချယ်ပါမည်-

- သင်၏မော်တော်ယာဉ်ကို ဆုံးရှုံးမှုမဖြစ်ခင် အချိန်ကရှိခဲ့သည့် အခြေအနေနှင့် အနီးစပ်ဆုံး ဖြစ်နိုင်ချေရှိသည့် အခြေအနေအတိုင်းဖြစ်စေရန် သင်၏မော်တော်ယာဉ်ကို ပြုပြင်သူထံတွင် ပြုပြင်ရန် စီစဉ်ပေးခြင်းနှင့် ပြင်ဆင်စရိတ်အား ပေးချေခြင်း၊
- သင်၏မော်တော်ယာဉ်ကို ပြုပြင်ရန် ကုန်ကျမည့်တန်ဖိုးကို ကျွန်ုပ်တို့က ခန့်မှန်း၍ သင့်အားငွေသားဖြင့် ပေးချေခြင်း၊ သို့မဟုတ်
- သင်၏မော်တော်ယာဉ်ကို အမှတ်တံဆိပ်အမည်၊ မော်ဒယ်၊ သက်တမ်း နှင့် အထွေထွေအခြေအနေများ နှင့် တူညီသောမော်တော်ယာဉ်ဖြင့် ပြန်လည်အစားထိုးပေးခြင်း သို့မဟုတ် ပြန်လည်တည်ဆောက်ပေးခြင်း၊

**b. If Your Vehicle is not Repairable**

If in **Our** opinion, the damage to **Your Vehicle** is so great that it would not be safe or economical to repair, **We** will declare **Your Vehicle** "Beyond Economic Repair" ("BER") and **We** will pay **You** up to the maximum amount as stated in (c) below or offer **You** a settlement sum equivalent to the Market Value. **We** may also option to replace **Your Vehicle** with one of the same make, model, age and general condition. If **We** take any of these actions, this Policy shall be automatically terminated.

**(ခ) သင်၏မော်တော်ယာဉ်သည် ပြုပြင်၍ မရပါလျှင်**

အကယ်၍ ကျွန်ုပ်တို့၏ ထင်မြင်ချက်အရ သင်၏မော်တော်ယာဉ် ထိခိုက်ပျက်စီးမှုသည် အလွန်ကြီးမား၍ စရိတ်သက်သာစွာ မပြုပြင်နိုင်ခြင်း သို့မဟုတ် ဘေးကင်းလုံခြုံမှုမရှိခြင်းတို့အတွက် ကျွန်ုပ်တို့သည် သင်၏မော်တော်ယာဉ်ကို စရိတ်သက်သာသော ပြုပြင်မှုထက် ကျော်လွန်သည်ဟု ကြေညာပြီး၊ ကျွန်ုပ်တို့အနေဖြင့် သင့်ကို အပိုဒ် (ဂ) တွင် ဖော်ပြထားသော အမြင့်ဆုံးတန်ဖိုးအထိ သို့မဟုတ် ဈေးကွက်ပေါက်ဈေးနှင့် ညီမျှသောတန်ဖိုးကို ပေးချေရန် သင့်ကိုကမ်းလှမ်းမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် သင်၏မော်တော်ယာဉ်နှင့် အမှတ်တံဆိပ်အမည်၊ မော်ဒယ်၊ သက်တမ်းနှင့် အထွေထွေ အခြေအနေများ တူညီသောမော်တော်ယာဉ်ဖြင့် အစားထိုးသည့် နည်းလမ်းကိုလည်း ရွေးချယ်နိုင်သည်။ အကယ်၍ မိမိတို့အနေဖြင့် အဆိုပါ ဆောင်ရွက်ချက်များကို ပြုလုပ်ပြီးပါက ဤပေါ်လစီသည် အလိုအလျောက် ရပ်စဲသွားလိမ့်မည်။

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

**c. The Maximum Amount We will Pay You**

If **Your Vehicle** is BER or stolen and not recovered, the amount payable under the Policy will be the Market Value at the time of the loss or the Sum Insured as shown in the Schedule, whichever sum is the lesser. **We** agree that the insurance under this Section shall be maintained in force for the full Sum Insured even in the wake of payment of loss or damage, except for the case of total loss under this Section where the full Sum Insured for **Your Vehicle** which has been totally damaged or lost is paid and the coverage only for the totally lost Motor Vehicle is invalidated on and after **Our** payment of the total loss.

**(ဂ) ကျွန်ုပ်တို့ပေးမည့်အများဆုံးတန်ဖိုး**

အကယ်၍သင်၏မော်တော်ယာဉ်သည်စရိတ်သက်သာသော ပြုပြင်မှုထက်ကျော်လွန်သည်ဟု သတ်မှတ်ခြင်း သို့မဟုတ် ခိုးယူခံရခြင်းကြောင့် ပြန်မရရှိပါက ဤပေါ်လစီအရ ပေးချေရမည့် တန်ဖိုးသည် ဆုံးရှုံးမှုဖြစ်ပွားသည့် အချိန်ရှိ ဈေးကွက်ပေါက်ဈေး သို့မဟုတ် အကျဉ်းချုပ်တွင် ဖော်ပြထားသော အာမခံတန်ဖိုးတို့အနက် ပိုမို လျော့နည်းသည့် တန်ဖိုးဖြစ်ရမည်။ ဤအပိုင်းအရ သင်၏မော်တော်ယာဉ်သည် လုံးဝထိခိုက်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းကြောင့် ကျွန်ုပ်တို့က လုံးဝဆုံးရှုံးမှုအတွက် ပေးလျော်ပြီးနောက် လုံးဝဆုံးရှုံးသည့် မော်တော်ယာဉ်အဖြစ် အကာအကွယ်သည် ရပ်စဲခံရမည်ဖြစ်သည်။ သို့ရာတွင် သင်၏မော်တော်ယာဉ်သည် အာမခံထားငွေ အပြည့်ဖြင့် လုံးဝဆုံးရှုံးမှုဖြစ်ခြင်းမှတစ်ပါး အခြားဆုံးရှုံးမှု သို့မဟုတ် ထိခိုက်မှုကြောင့် အာမခံထားငွေ အပြည့် ပြန်လည်တည်ရှိနေမည်ဟု ကျွန်ုပ်တို့က သဘောတူမည်ဖြစ်သည်။

**d. Under-Insurance**

If the Sum Insured of **Your Vehicle** is less than the Market Value at the time of the loss, **We** will only bear part of the loss in proportion to the difference between the Market Value and the Sum Insured as shown in the formula below:

$$\frac{\text{Sum Insured}}{\text{Market Value}} \times \text{Assessed Loss} = \text{Amount to be paid}$$

The balance has to be borne by **You**. However, this will only apply if the under-insured amount is more than 10% of the Market Value.

**(ဃ) အာမခံထားငွေ လျော့နည်းထားရှိခြင်း**

အကယ်၍ လျော်ကြေးပေါ်ပေါက်သည့်အချိန်တွင် သင့်မော်တော်ယာဉ်၏ အာမခံထားငွေသည် ဈေးကွက် ပေါက်ဈေးထက် လျော့နည်းနေပါက ကျွန်ုပ်တို့အနေဖြင့် အောက်တွင် ဖော်ပြထားသည့် ပုံသေနည်းအတိုင်း ဈေးကွက်ပေါက်ဈေးနှင့် အာမခံထားငွေတို့၏ မတူညီမှုအရ အချိုးကျဆုံးရှုံးငွေကိုသာ ကျွန်ုပ်တို့ကျခံမည် ဖြစ်သည်-

$$\frac{\text{အာမခံထားငွေ}}{\text{ဈေးကွက်ပေါက်ဈေး}} \times \text{သတ်မှတ်ဆုံးရှုံးတန်ဖိုး} = \text{ပေးချေမည့်တန်ဖိုး}$$

ခြားနားငွေကို သင်ကကျခံရမည် ဖြစ်သည်။ သို့ရာတွင် ဈေးကွက်ပေါက်ဈေးနှင့် အာမခံထားငွေတို့၏ ကွာခြားမှုသည် ဈေးကွက်ပေါက်ဈေး၏ ၁၀%ထက်မပိုပါက ဤအချက်ကို ကျင့်သုံးမည် မဟုတ်ပါ။

**e. Betterment**

If new original parts are used to repair **Your Vehicle** and as a result of which **Your Vehicle** is in a better condition than it was before the damage, **You** would be required to contribute to its betterment, a proportion of the costs of such new original parts. **Your** contribution would be according to the following scale:

| Age of Your Vehicle (Years) | Rate of Betterment |
|---|---|
| Up to 3 | 5% |
| 4 | 10% |
| 5 | 15% |
| 6 | 20% |
| 7 | 25% |
| 8 | 30% |
| 9 | 35% |
| 10 and above | 40% |

For an additional premium, **You** would not be required to contribute to its betterment. (Additional Cover Number 006)

**(c) ပိုမိုကောင်းမွန်လာခြင်း**

အကယ်၍ သင်၏မော်တော်ယာဉ်သည် အစားထိုးပစ္စည်းများဖြင့် ပြုပြင်ရာတွင် မူရင်းပစ္စည်းသစ်များ သုံးစွဲရခြင်းကြောင့် သင်၏မော်တော်ယာဉ်အနေဖြင့် ပျက်စီးမှုမဖြစ်မီက ရှိခဲ့သော အခြေအနေထက် ပိုမိုကောင်းမွန်သွားမည်ဖြစ်ပါသည်။ သင့်အနေဖြင့် မူရင်းပစ္စည်းအသစ်ထည့်ဝင်ခြင်းကြောင့် သင်၏မော်တော်ယာဉ် အရည်အသွေး ပိုမိုကောင်းမွန်လာခြင်းအတွက်ကျသင့်သည့် အချိုးဝေစုစရိတ်ကို ပူးပေါင်းထည့်ဝင်ရန် လိုအပ်ပါသည်။ သင်ထည့်ဝင်ရမည့် အချိုးဝေစုမှာ အောက်ပါဇယားအရ ဖြစ်ပါသည်။

| သင်၏မော်တော်ယာဉ်သက်တမ်း (နှစ်) | ကောင်းမွန်လာသောနှုန်း |
|---|---|
| ၃ နှစ် အထိ | ၅% |
| ၄ | ၁၀% |
| ၅ | ၁၅% |
| ၆ | ၂၀% |
| ၇ | ၂၅% |
| ၈ | ၃၀% |
| ၉ | ၃၅% |
| ၁၀ နှစ် နှင့်အထက် | ၄၀% |

| |
|---|
| သင့်အနေဖြင့် ပရီမီယံထပ်မံပေးဆောင်ပါက ကျသင့်သည့် အချိုးဝေစုစရိတ်ကို ပူးပေါင်းထည့်ဝင်ရန် မလိုအပ်ပါ။ (အပိုအကာအကွယ်နံပါတ် ၀၀၆) |

To determine the rate of betterment to be applied, the age of Your Vehicle which is shown on the registration from the Road Transport Administration Department will be calculated based on the following table.

| | | |
|---|---|---|
| a. | as a locally assembled vehicle | Date of Original Registration |
| b. | as a new imported Completely Built Unit (CBU) vehicle | Year of Manufacture |
| c. | as an imported second-hand / used / reconditioned vehicle | Year of Manufacture |

ပိုမိုကောင်းမွန်လာခြင်းနှုန်းထားအား သတ်မှတ်လိုက်နာကျင့်သုံးရန် သင်၏မော်တော်ယာဉ်သက်တမ်းကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ မှတ်ပုံတင်အရ အောက်ပါဇယားအတိုင်း အခြေခံတွက်ချက်မည် ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | ပြည်တွင်းတွင် တပ်ဆင်သည့်မော်တော်ယာဉ်များ | မူလမှတ်ပုံတင်သည့် နေ့/ရက် |
| (ခ) | ပြည်ပမှ ယာဉ်တစ်စီးလုံး အသစ်တင်သွင်းလာသည့် မော်တော်ယာဉ်များ | ထုတ်လုပ်သည့်ခုနှစ် |
| (ဂ) | ပြည်ပမှတင်သွင်းလာသည့် သုံးစွဲပြီး မော်တော်ယာဉ်/ပြုပြင်ထားသည့် မော်တော်ယာဉ်များ | ထုတ်လုပ်သည့်ခုနှစ် |

**f. Market Value**

The market value of **Your Vehicle** shall be determined by **Us** and it should be equal to the cost of purchasing a replacement vehicle of the same make, model and age of **Your Vehicle** at the time of loss.

**(စ) ဈေးကွက်ပေါက်ဈေး**

သင့်မော်တော်ယာဉ်၏ ဈေးကွက်ပေါက်ဈေးကို ကျွန်ုပ်တို့က သတ်မှတ်မည်ဖြစ်ပြီး ဆုံးရှုံးမှုဖြစ်သည့် အချိန်ရှိ သင့်မော်တော်ယာဉ်၏ အမှတ်တံဆိပ်အမည်၊ မော်ဒယ်နှင့် သက်တမ်းတို့နှင့်တူညီသော အစားထိုး မော်တော်ယာဉ်ကို ဝယ်ယူရာတွင် ကုန်ကျမည့် တူညီသောဈေးနှုန်းဖြစ်ရမည်။

**3. Towing Costs**

If **Your Vehicle** cannot be driven as a result of any damage to it that is covered by this Policy, **We** will subject to the Limits of Liability pay the necessary and reasonable costs in addition to the Sum Insured to remove **Your Vehicle** to the nearest Repairer or to a safe place of storage while awaiting repair or disposal.

**၃။ မော်တော်ယာဉ်ပျက်ဆွဲစရိတ်**

ဤပေါ်လစီက တာဝန်ယူထားသော သင်၏မော်တော်ယာဉ်သည် အကယ်၍ ထိခိုက်မှုတစ်ခုခုကြောင့် မောင်းနှင်မရပါက ကျွန်ုပ်တို့အနေဖြင့် သင့်မော်တော်ယာဉ်ကို ပြင်ဆင်ရန် သို့မဟုတ် စွန့်ပစ်ရန်စောင့်ဆိုင်းနေစဉ်အတွင်း အနီးဆုံး ပြင်ဆင်သူ သို့မဟုတ် သိမ်းဆည်းရန် လုံခြုံသည့်နေရာသို့ ရွှေ့ပြောင်းရာတွင် လိုအပ်မည့် ဖြစ်နိုင်ချေရှိသော ကုန်ကျစရိတ်ကို အာမခံထားငွေ၌ ထည့်ပေါင်းပြီး ပေးလျော်ရန်တာဝန်ကို အကန့်အသတ်ဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။

## Section B: Liability to Third Parties
## အပိုင်း (ခ) သူတစ်ပါးသို့ ပေးလျော်ရန် တာဝန်ရှိမှု

This section explains what is covered and not covered under Section B and is only applicable if **You** have Third Party Liability cover.
ဤအပိုင်း(ခ)တွင် သင်၏ မော်တော်ယာဉ်၌ သူတစ်ပါးထိခိုက်မှု အာမခံအကာအကွယ်ရှိလျှင် မည်သည့်အချက်များက အကာအကွယ်ရှိသည်နှင့် အကာအကွယ်မရှိသည်ကို ရှင်းလင်းဖော်ပြထားခြင်း ဖြစ်သည်။

### 1a: What is Covered

**We** will subject to the Limits of Liability indemnify **You** and / or **Your Authorised Driver** for the amount which **You** and / or **Your Authorised Driver** are legally liable to pay Any Person (including third party's costs and expenses) for:
(a) death or bodily injury to any person except those specifically excluded under this **Policy**
(b) damage to property except those specifically excluded under this **Policy**
as a result of an incident arising out of the use of **Your Vehicle**.
This cover is extended to **Your Authorised Driver** provided **Your Authorised Driver** also complies with all the terms and conditions of this **Policy**.

**၁။(က) ပေးအပ်ထားသည့်အကာအကွယ်များ**

ကျွန်ုပ်တို့သည် ပေးလျော်ရန် တာဝန်ရှိမှုကို ကန့်သတ်ချက်များအရ သင် နှင့်/သို့မဟုတ် သင်ကခွင့်ပြုထားသော ယာဉ်မောင်းအတွက် သင် နှင့်/သို့မဟုတ် သင်ကခွင့်ပြုထားသော ယာဉ်မောင်းတို့၏ တရားဥပဒေအရပေးရန် တာဝန်ရှိမှုအတွက် မည်သူကိုမဆို (သူတစ်ပါး၏ ကုန်ကျငွေနှင့် အသုံးစရိတ်များ အပါအဝင်) ပေးချေမည် ဖြစ်သည်-
(က) ဤပေါ်လစီအရ အကျုံးမဝင်ကြောင်း တိကျစွာ ဖော်ပြထားသည့် အချက်များမှလွဲ၍ မည်သူမဆို သေဆုံးခြင်း သို့မဟုတ်ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရခြင်း၊
(ခ) ဤပေါ်လစီအရ အကျုံးမဝင်ကြောင်း တိကျစွာ ဖော်ပြထားသည့် အချက်များမှလွဲ၍ ပစ္စည်းများ ထိခိုက်ပျက်စီးခြင်း။
ယင်းဖြစ်ရပ်၏ ရလဒ်သည် သင်၏မော်တော်ယာဉ်ကို အသုံးပြုမှုကြောင့် ပေါ်ပေါက်လာသော မတော်တဆမှုကြောင့်ဖြစ်ရမည်။
ဤပေါ်လစီပါ စည်းကမ်းချက်များ အားလုံးကို သင်ကခွင့်ပြုထားသော ယာဉ်မောင်းကလည်း လိုက်နာပါက ဤအကာအကွယ်သည် သင်က ခွင့်ပြုထားသော ယာဉ်မောင်းသို့လည်း အကျုံးဝင်မှုရှိသည်။

**1b: What is Not Covered**

These exceptions are specific to Section B and are in addition to the Exceptions stated in Section F of this **Policy** and any other applicable **Additional Covers**.

**We** will not pay for:

(a) any claims brought against Any Person in any country in courts outside Republic of the Union of Myanmar.

(b) all legal costs and expenses which are not incurred in or recoverable in Republic of the Union of Myanmar.

(c) death or bodily injury to **You, Your Authorised Driver**, and **Your** or **Your Authorised Driver's Household**.

(d) damage to property belonging to or in the custody of or control of or held in trust by **You** or **Your Authorised Driver** and / or any member of **Your** or **Your Authorised Driver's Household**;

(e) the amount **We** paid under Section C from the amount calculated under this Section.

၁။(ခ) **အကျုံးမဝင်သောအကာအကွယ်များ**

ဤအကျုံးမဝင်သောအကာအကွယ်များသည် အပိုင်း(ခ)နှင့်သာ သက်ဆိုင်ပြီး ဤပေါ်လစီ၏ အပိုင်း (စ) နှင့် အခြားလိုက်နာရမည့် အပိုအကာအကွယ်များတွင်လည်း ထပ်မံဖော်ပြထားသည်။

**ကျွန်ုပ်တို့က မပေးလျော်သည့် အချက်များမှာ -**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံပြင်ပရှိ မည်သည့်နိုင်ငံ၊ မည်သည့်တရားရုံးများတွင်မဆို၊ မည်သူမဆို လျော်ကြေးပေါ်ပေါက်ခြင်း၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့ခြင်းမရှိသော တရားရေးဆိုင်ရာကုန်ကျငွေ နှင့် အသုံးစရိတ်များ၊

(ဂ) သင် သို့မဟုတ် သင်ကခွင့်ပြုထားသောယာဉ်မောင်းနှင့် သင် သို့မဟုတ် သင်က ခွင့်ပြုထားသော ယာဉ်မောင်းတို့၏ အိမ်ထောင်စုဝင်များ သေဆုံးခြင်း၊ သို့မဟုတ် ဒါဏ်ရာရခြင်း၊

(ဃ) သင် သို့မဟုတ် သင်ကခွင့်ပြုထားသော ယာဉ်မောင်း နှင့်/သို့မဟုတ် သင် သို့မဟုတ် သင်ကခွင့်ပြု ထားသော ယာဉ်မောင်းတို့၏ အိမ်ထောင်စုဝင်များ၊ ပိုင်ဆိုင်သည့် ပစ္စည်းများ သို့မဟုတ် ယုံကြည်အပ်နှံ၍ လက်ခံထိန်းသိမ်းထားသောပစ္စည်းများ ထိခိုက်ပျက်စီးခြင်း၊

(င) အပိုင်း(ဂ) တွင် မိမိတို့ပေးချေသည့် တန်ဖိုးမှာ ဤအပိုင်းအရ တွက်ချက်ရမည့်တန်ဖိုးဖြစ်သည်။

**2. Cover for Legal Personal Representatives**

Following the death of any person covered under this **Policy**, **We** will indemnify that person's legal representatives for liability covered under this Section, provided such legal representatives comply with all the terms and conditions of the **Policy**.

၂။ **ဥပဒေအရ ဆက်ခံခွင့်ရှိသူများအတွက် အကာအကွယ်ပေးခြင်း**

ဤပေါ်လစီအရ အကာအကွယ်ပေးထားသည့် မည်သူမဆို သေဆုံးပြီးနောက် ကျွန်ုပ်တို့သည် တရားဝင်ဆက်ခံခွင့်ရှိသူများကို ဤပေါ်လစီတွင် ဖော်ပြထားသော စည်းကမ်းချက်များကို လိုက်နာပြီး ဤအပိုဒ်အရ ပေးလျော်ရန် တာဝန်ရှိမှုအကာအကွယ်များအတွက် ပေးလျော်မည်ဖြစ်သည်။

**3. Legal Costs**

In addition to the Limit of Liability, **We** will, subject to the Limits of Liability, pay legal costs incurred for defense of any charge including the charge of causing death by driving the Motor Vehicle (other than murder) if **Our** prior written agreement had been secured.

**၃။ တရားရေးဆိုင်ရာကုန်ကျငွေ**

အကယ်၍ ကျွန်ုပ်တို့စာဖြင့် ရေးသားထားသော ကြိုတင်သဘောတူညီချက်ရှိခဲ့လျှင် မော်တော်ယာဉ် မောင်းနှင်မှုကြောင့် သေဆုံးခြင်း (လူသတ်မှုမှအပ) ပေးလျော်ရန်တာဝန်ရှိမှုအကန့်အသတ်တွင် တရားရေးဆိုင်ရာခုခံချေပစရိတ် အပါအဝင် တရားရေးဆိုင်ရာကုန်ကျငွေကို ထပ်ဆောင်းပြီး ကျွန်ုပ်တို့က ပေးလျော်မည်ဖြစ်သည်။

## Section C: Personal Accident and Medical Treatment Fee
## အပိုင်း (ဂ) ကိုယ်အင်္ဂါထိခိုက်မှုနှင့်ဆေးဝါးကုသမှုစရိတ်

This section explains what is covered and not covered under Section C.
ဤအပိုင်းသည် အပိုင်း(ဂ)အရ အကာအကွယ်ပေးခြင်းနှင့် အကာအကွယ်မပေးခြင်းများကို ရှင်းလင်းခြင်း ဖြစ်သည်။

**1a: What is Covered**

**(1) Personal Accident**

**We** will Subject to the Limit of Liability pay benefit according to the Payment scale per diagnosis as per following table or otherwise as revised in the Third Party Liability Rules for death or injury of **You** or **Your** authorised driver or any occupant of **Your Vehicle** while driving or mounting into or dismounting from or traveling in **Your Vehicle** based on the medical report furnished by the hospital licensed by the lawfully constituted Authorities in connection with death or bodily injury by violent accidental external and visible means.

**၁-က၊ ပေးအပ်ထားသည့်အကာအကွယ်များ**

**(၁) ကိုယ်အင်္ဂါထိခိုက်မှု**

သင် သို့မဟုတ် သင်ကခွင့်ပြုထားသော ယာဉ်မောင်း သို့မဟုတ် သင်၏မော်တော်ယာဉ်ကို အသုံးပြုသည့် မည်သူမဆို၊ သင်၏မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် သို့မဟုတ် မော်တော်ယာဉ်ဖြင့် ခရီးသွားစဉ် သို့မဟုတ် မော်တော်ယာဉ်ပေါ်မှဆင်းခြင်း သို့မဟုတ် မော်တော်ယာဉ်ပေါ်သို့တက်နေစဉ် သေဆုံးခြင်း သို့မဟုတ် ဒဏ်ရာရခြင်းများဖြစ်ပါက ကျွန်ုပ်တို့အနေဖြင့် အောက်တွင် ဖော်ပြထားသည့် သူတစ်ပါးထိခိုက်မှု အာမခံနည်းဥပဒေများပါ ပေးချေမှုဇယားအရ ပေးလျော်မည်ဖြစ်သည်။ ထိုသို့ ပေးချေရာတွင် သေဆုံးခြင်း သို့မဟုတ် ခန္ဓာကိုယ် ဒဏ်ရာရခြင်းသည် မမျှော်လင့်သော ပြင်ပ မတော်တဆထိခိုက်မှုကြောင့်ဖြစ်သည်ကို အာဏာပိုင်အဖွဲ့အစည်းက တရားဝင် ဖွဲ့စည်းပေးထားသည့် လိုင်စင်ရ ဆေးရုံများ၏ အတည်ပြုချက် အစီရင်ခံစာပေါ်တွင် အခြေခံပြီး ကျွန်ုပ်တို့အနေဖြင့် အကန့်အသတ်တစ်ခုအဖြစ် ပေးလျော်မည် ဖြစ်သည်။

**(2) Medical Treatment Fee**

**We** will Subject to the Limit of Liability indemnify **You** or **Your** authorised driver or any occupant of **Your Vehicle** for medical treatment compensation to inpatient or outpatient

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

at a fixed amount shown in the schedule per week for up to 52 weeks from the date of accident. Period of **Our** payment shall be determined based on the medical report furnished by the hospital licensed by the lawfully constituted Authorities.

Provide however that **Our** payment under this Section will not separately apply to the total limits shown in the schedule

**(၂) ဆေးဝါးကုသမှုစရိတ်**

ကျွန်ုပ်တို့အနေဖြင့် အကန့်အသတ်တစ်ခုအဖြစ် ပေးလျော်မည်ဖြစ်သည်။ သင် သို့မဟုတ် သင်ကခွင့်ပြုထားသော ယာဉ်မောင်း သို့မဟုတ် သင်၏မော်တော်ယာဉ်ကိုအသုံးပြုသူ မည်သူကိုမဆို ဆေးဝါးကုသရသည့် ကုန်ကျစရိတ်ကို အတွင်းလူနာ အဖြစ်ဖြစ်စေ၊ ပြင်ပလူနာအဖြစ်ဖြစ်စေ ပေါ်လစီအကျဉ်းချုပ်တွင် ဖော်ပြသတ်မှတ်ထားသည့် ရက်သတ္တပတ်တစ်ပတ်လျှင် ခံစားခွင့်ရှိသည့် တန်ဖိုးအတိုင်း၊ မတော်တဆဖြစ်သည့်နေ့မှစ၍ (၅၂) ပတ်အထိ အများဆုံးပေးလျော်မည်ဖြစ်သည်။ လျော်ကြေးကို သတ်မှတ်သည့် ကာလအပိုင်းအခြားသည် အာဏာပိုင်အဖွဲ့အစည်းများက တရားဝင်ဖွဲ့စည်း ပေးထားသည့် လိုင်စင်ရဆေးရုံများ၏ အစီရင်ခံစာတွင် ဖော်ပြထားသည့် ကာလပေါ်တွင် အခြေခံမည်ဖြစ်သည်။ သို့ရာတွင် ဤအပိုင်းအတွက် ကျွန်ုပ်တို့၏ ပေးချေမည့်ငွေသည် ပေါ်လစီအကျဉ်းချုပ်တွင် ဖော်ပြထားသော စုစုပေါင်းတာဝန်ရှိမှုနှင့် သီးသန့်ကွဲပြားစွာ ဆောင်ရွက်မည် မဟုတ်ပါ။

In case **Our** liability for any one person is applicable to two or more of diagnoses of injury as per following table, Death and Medical Treatment, **we** will pay for such claims respectively subject to the limit of **Our** total liability. In the event of **You** or **Your** driver being the holder of any insurance policy or policies with the insurer in respect of any other Motor Vehicle or Motor Vehicles, compensation shall be recoverable under one policy only.

အကယ်၍ မည်သူ့အတွက်မဆို ကျွန်ုပ်တို့က ပေးလျော်ရန်တာဝန်ရှိမှုသည် အောက်ပါဇယားတွင် ဖော်ပြထားသည့် ဒဏ်ရာအတွက် သတ်မှတ်ဆုံးဖြတ်ရာတွင် သေဆုံးမှု နှင့် ဆေးဝါးကုသမှုစရိတ်အတွက် ဇယားပါအချက်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပို၍ သက်ဆိုင်သွားလျှင် ကျွန်ုပ်တို့အနေဖြင့် တောင်းခံမှုများကို စုစုပေါင်းပေးရန် တာဝန်ယူမှုအတိုင်းအတာပေါ်တွင်သာ သတ်မှတ်မည်ဖြစ်သည်။ သင် သို့မဟုတ် သင်၏ ယာဉ်မောင်းတို့သည် အခြား မော်တော်ယာဉ် သို့မဟုတ် မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ မည်သည့်အာမခံပေါ်လစီ သို့မဟုတ် ပေါ်လစီများကို ကိုင်ဆောင်ထားသည့်ဖြစ်ရပ်တွင် လျော်ကြေးငွေသည် ပေါ်လစီတစ်စောင်အတွက်သာ အကာအကွယ်ရှိသည်။

## 1b: What is not Covered

These exceptions are specific to Section C and are in addition to the Exceptions stated in Section F of this **Policy** and any other applicable **Additional Covers**.

**We** will not cover for:

(a) any injury or death resulting from suicide or attempted suicide;

(b) any death or injury directly or indirectly caused by or contributed to or arising from willful acts or acts of gross negligence by **You** or **Your** authorised drivers.

**၁။(ခ) အကျုံးမဝင်သောအကာအကွယ်များ**

ယခုဖော်ပြထားသည့်အကျုံးမဝင်သည့်အချက်များသည် အပိုင်း (ဂ)တွင် သီးခြားဖော်ပြခြင်းနှင့် ဤပေါ်လစီ၏ အပိုင်း (စ)နှင့် အခြားလိုက်နာရမည့် အပိုအကာအကွယ်များတွင် ဖော်ပြထားသည့် အကျုံးမဝင်သည့်အချက်များတွင် ထပ်မံပေါင်းထည့်ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့အကာအကွယ်မပေးသည့်အချက်များမှာ-

(က) မိမိကိုယ်ကိုသတ်သေခြင်း သို့မဟုတ် သတ်သေရန် ကြိုးပမ်းမှုကြောင့် သေဆုံးခြင်း သို့မဟုတ် မည်သည့်ထိခိုက် ဒဏ်ရာရခြင်းများကိုမဆို၊

(ခ) သင်နှင့် သင်ကခွင့်ပြုထားသော ယာဉ်မောင်းမှ တမင်ကျူးလွန်ခြင်း သို့မဟုတ် လွန်စွာပေါ့လျော့ခြင်း လုပ်ရပ်များကြောင့် ဖြစ်ပွားခြင်း သို့မဟုတ် ဖြစ်ပွားအောင်ဖန်တီးခြင်းကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ သေဆုံးခြင်း သို့မဟုတ် မည်သည့်ထိခိုက် ဒဏ်ရာရခြင်းများကိုမဆို၊

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

**Payment Scale per diagnosis**

Hereunder applicable to the Section C--- Personal Accident and Medical Treatment Fee.

| | |
|---|---|
| (a) Death | 100.0% |
| (b) Injury | |
| 1.Total permanent disability | 100.0% |
| 2.Serious bodily injury not otherwise listed | 50.0% |
| 3.Non serious bodily injury not otherwise listed | 15.0% |
| 4.Graft | 15.0% |
| 5. Damage of Prosthesis | 10.0% |
| 6.Serious accidental bruises/ Serious Soft tissue injuries | 5.0% |
| 7.Facial and scalp injury | 50.0% |
| 8.Broken skull | 25.0% |
| 9.Broken temple | 15.0% |
| 10.Broken cheek bone | 15.0% |
| 11.Broken eye socket | 15.0% |
| 12.Broken fore head | 15.0% |
| 13.Broken inner ear bone | 15.0% |
| 14.Broken jaw | 15.0% |
| 15.Total loss of vision in both eyes | 100.0% |
| 16.Total loss of vision in one eye | 50.0% |
| 17.Total loss of hearing in both ears | 50.0% |
| 18.Physical loss of both ears | 30.0% |
| 19.Total loss of hearing in one ear | 25.0% |
| 20.Injury to one or both eyes | 15.0% |

သတ်မှတ်ချက်အရ ပေးလျော်မည့် နှုန်းထားများ

ပုဒ်မ (ဂ) အရ လိုက်နာရမည့် ကိုယ်အင်္ဂါထိခိုက်မှုနှင့် ဆေးဝါးကုသစရိတ်များ။

| | |
|---|---|
| (က) သေဆုံးခြင်း | ၁၀၀.၀% |
| (ခ) ဒဏ်ရာရခြင်း | |
| ၁။ ထာဝစဉ်မသန်မစွမ်းဖြစ်ခြင်း | ၁၀၀.၀% |
| ၂။ဇယားတွင်မဖော်ပြထားသောကိုယ်ခန္ဓာ၏အစိတ်အပိုင်းပြင်းထန်စွာဒဏ်ရာရခြင်း | ၅၀.၀% |
| ၃။ ဇယားတွင် မဖော်ပြထားသော ကိုယ်ခန္ဓာ၏အစိတ်အပိုင်းသာမန်ဒဏ်ရာရခြင်း | ၁၅.၀% |
| ၄။ အသားအစားထိုးကုသရခြင်း | ၁၅.၀% |
| ၅။ ဆီးကျိတ်ထိခိုက်ခြင်း | ၁၀.၀% |
| ၆။ပြင်းထန်သောဒဏ်ရာကြောင့် အသားအရေ ထိခိုက်ခြင်း | ၅.၀% |
| ၇။မျက်နှာနှင့်ဦးခေါင်းပိုင်းရုပ်ဆင်းအင်္ဂါ ပျက်ခြင်း | ၅၀.၀% |
| ၈။ ဦးခေါင်းခွံရိုးကျိုးခြင်း | ၂၅.၀% |
| ၉။ နားထင်ရိုးကျိုးခြင်း | ၁၅.၀% |
| ၁၀။ ပါးရိုးကျိုးခြင်း | ၁၅.၀% |
| ၁၁။ မျက်တွင်းရိုးကျိုးခြင်း | ၁၅.၀% |
| ၁၂။ နဖူးရိုးကျိုးခြင်း | ၁၅.၀% |
| ၁၃။ နားရွက်အရိုးနုကျိုးခြင်း | ၁၅.၀% |
| ၁၄။ မေးရိုးကျိုးခြင်း | ၁၅.၀% |
| ၁၅။မျက်စေ့နှစ်ဖက်လုံးဝကွယ်ခြင်း | ၁၀၀.၀% |
| ၁၆။မျက်စေ့တစ်ဖက်သာလုံးဝကွယ်ခြင်း | ၅၀.၀% |
| ၁၇။ နားနှစ်ဖက် လုံးဝပင်းခြင်း | ၅၀.၀% |
| ၁၈။ နားရွက်နှစ်ဖက် လုံးဝပြတ် ခြင်း | ၃၀.၀% |
| ၁၉။ နားရွက်တစ်ဖက်သာ လုံးဝပင်းခြင်း | ၂၅.၀% |
| ၂၀။ မျက်စေ့နှစ်ဖက်လုံးဖြစ်စေ၊ မျက်စေ့တစ်ဖက်သာ ဖြစ်စေ ဒဏ် ရာရခြင်း | ၁၅.၀% |
| ၂၁။နားရွက်တစ်ဖက် လုံးဝပြတ် ခြင်း | ၁၅.၀% |
| ၂၂။နားရွက်တစ်ဖက်ဒဏ်ရာရ၍တစ်စိတ်တစ်ဒေသ နားပင်းသွားခြင်း | ၁၂.၅% |
| ၂၃။နားရွက်နှစ်ဖက်လုံးဖြစ်စေ၊ နားရွက်တစ်ဖက်သာ ဖြစ်စေ ဒဏ်ရာရခြင်း | ၁၀.၀% |
| ၂၄။ နှာခေါင်းရိုးကျိုးခြင်း | ၁၀.၀% |

| | |
|---|---|
| 21.Physical loss of one ear | 15.0% |
| 22.Temporary partial loss of hearing due to injury | 12.5% |
| 23.Injury to one or both ears | 10.0% |
| 24.Broken bone of nose | 10.0% |
| 25.Split gum | 10.0% |
| 26.Loss or damage to one tooth | 2.5% |
| 27.Broken neck | 50.0% |
| 28.Broken bones in back | 50.0% |
| 29.Broken shoulder bone or collar bone | 20.0% |
| 30.Broken shoulder blade | 10.0% |
| 31.Broken one of rib bones | 10.0% |
| 32.Loss of both arms above wrist | 100.0% |
| 33.Loss of one arm above wrist | 50.0% |
| 34.Broken bones in both arms | 50.0% |
| 35.Loss of one hand from wrist | 37.5% |
| 36.Broken bones in one arm | 25.0% |
| 37.Broken bones in one wrist or one ankle | 15.0% |
| 38.Stifness of joint | 10.0% |
| 39.Loss of one thumb | 10.0% |
| 40.Loss of one index finger | 9.0% |
| 41.Loss of one middle or third or little finger | 7.5% |
| 42.Broken hand bone | 5.0% |
| 43.Broken bones of thumb | 4.0% |
| 44.Broken bones of any one of fingers other than thumb | 2.5% |

| | |
|---|---|
| ၂၅။ သွားဖုံးရိုးကျိုးခြင်း | ၁၀.၀% |
| ၂၆။ သွားကျိုးခြင်း/ သွားဒဏ်ရာရခြင်း သွားတစ်ချောင်းလျှင် | ၂.၅% |
| ၂၇။ လည်ပင်းရိုးကျိုးခြင်း | ၅၀.၀% |
| ၂၈။ ခါးရိုးကျိုးခြင်း | ၅၀.၀% |
| ၂၉။ပခုံးရိုး သို့မဟုတ် ညှပ်ရိုး ကျိုးခြင်း | ၂၀.၀% |
| ၃၀။ လက်ပြင်ရိုးကျိုးခြင်း | ၁၀.၀% |
| ၃၁။ နံရိုးတစ်ချောင်းကျိုးခြင်း | ၁၀.၀% |
| ၃၂။ လက်မောင်းရင်းမှ လက်ကောက်ဝတ်အထိ တစ်နေရာရာတွင် လက်နှစ်ဖက်လုံးဝပြတ်ခြင်း | ၁၀၀.၀% |
| ၃၃။ လက်မောင်းရင်းမှ လက်ကောက်ဝတ်အထိ တစ်နေရာရာ တွင်လက်တစ်ဖက်လုံးဝပြတ်ခြင်း | ၅၀.၀% |
| ၃၄။လက်မောင်းနှစ်ဖက်ကျိုးခြင်း | ၅၀.၀% |
| ၃၅။လက်ကောက်ဝတ်မှ လက်တစ်ဖက်လုံးဝပြတ်ခြင်း | ၃၇.၅% |
| ၃၆။လက်မောင်းတစ်ဖက်ကျိုး ခြင်း | ၂၅.၀% |
| ၃၇။ လက်ကောက်ဝတ် သို့မဟုတ် ခြေကျင်းဝတ်အဖျားဖက် အစွန်းကျိုး ခြင်း | ၁၅.၀% |
| ၃၈။ အဆစ်ခိုင်ခြင်း၊ အဆစ်လွဲ ခြင်း | ၁၀.၀% |
| ၃၉။လက်မတစ်ချောင်းမည်သည့် နေရာတွင်မဆို လုံးဝပြတ်ခြင်း | ၁၀.၀% |
| ၄၀။လက်ညှိုးတစ်ချောင်းမည်သည့် နေရာ တွင် မဆို လုံးဝပြတ် ခြင်း | ၉.၀% |
| ၄၁။ လက်ခလယ် သို့မဟုတ် လက်သူကြွယ် သို့မဟုတ် လက်သန်း မည်သည့် နေရာတွင်မဆို လုံးဝပြတ်ခြင်း | ၇.၅% |
| ၄၂။လက်ခုံရိုးတစ်ရိုးကျိုးခြင်း | ၅.၀% |
| ၄၃။ လက်မတစ်ချောင်းကျိုးခြင်း | ၄.၀% |
| ၄၄။လက်မမှအပကျန်လက်ချောင်းများ ကျိုးခြင်း | ၂.၅% |
| ၄၅။အသည်းထိခိုက်ဒဏ်ရာ ရခြင်း | ၅၀.၀% |
| ၄၆။သားအိမ် ထိခိုက်ဒဏ်ရာ ရခြင်း | ၂၅.၀% |
| ၄၇။ ဘေလုံးထိခိုက်ဒဏ်ရာရခြင်း | ၂၅.၀% |
| ၄၈။ ဗိုက်ခွဲကုသခြင်း | ၂၅.၀% |
| ၄၉။ ကျောက်ကပ်ထိခိုက်ဒဏ်ရာရခြင်း | ၂၅.၀% |
| ၅၀။ယောကျ်ားအင်္ဂါထိခိုက်ဒဏ်ရာရခြင်း | ၂၅.၀% |

| | |
|---|---|
| 45.Injury to the liver | 50.0% |
| 46.Injury to uterus | 25.0% |
| 47.Splenic injury | 25.0% |
| 48.Abdominal operation | 25.0% |
| 49.Injury to kidney | 25.0% |
| 50.Injury to male organ | 25.0% |
| 51.Injury to urinary bladder | 25.0% |
| 52.Injury to the spleen | 25.0% |
| 53.Injury to female organ | 15.0% |
| 54.Miscarriage | 15.0% |
| 55.Hemopneumothorax | 10.0% |
| 56.Broken hips bone | 30.0% |
| 57.Ischium fracture | 25.0% |
| 58.Broken Sacrum bone | 15.0% |
| 59.Broken hip bone | 15.0% |
| 60.Coccygeal fracture | 15.0% |
| 61.Pubis dislocation | 10.0% |
| 62.Loss of both legs above ankle | 100.0% |
| 63.Loss of one leg above ankle | 50.0% |
| 64.Broken bones in both legs | 50.0% |
| 65.Loss of one foot from ankle | 37.5% |
| 66.Broken bones in one leg | 25.0% |

| | |
|---|---|
| ၅၁။ဆီးအိမ် ထိခိုက်ဒဏ်ရာရခြင်း | ၂၅.၀% |
| ၅၂။ သရက်ရွက်ထိခိုက်ဒဏ်ရာရခြင်း | ၂၅.၀% |
| ၅၃။ မိန်းမအင်္ဂါထိခိုက်ဒဏ်ရာရခြင်း | ၁၅.၀% |
| ၅၄။ သားပျက်ခြင်း | ၁၅.၀% |
| ၅၅။အဆုတ်အတွင်းသွေး၊လေရောင်ခြင်း | ၁၀.၀% |
| ၅၆။ တင်ပဆုံးရိုးနှစ်ရိုးကျိုးခြင်း | ၃၀.၀% |
| ၅၇။ တင်ပခွက်ရိုးကျိုးခြင်း | ၂၅.၀% |
| ၅၈။ ဆီးခုံရိုးကျိုးခြင်း | ၁၅.၀% |
| ၅၉။ တင်ပဆုံးရိုးတစ်ရိုးကျိုးခြင်း | ၁၅.၀% |
| ၅၈။ မြီးညှောင်ရိုးကျိုးခြင်း | ၁၅.၀% |
| ၆၁။ ဆီးခုံရိုးနေရာရွေ့ခြင်း | ၁၀.၀% |
| ၆၂။ပေါင်ရင်းမှခြေကျင်းဝတ်အထိတစ်နေရာရာတွင်ခြေနှစ်ဖက်လုံးဝပြတ်ခြင်း | ၁၀၀.၀% |
| ၆၃။ ပေါင်ရင်းမှခြေကျင်းဝတ်အထိတစ်နေရာရာတွင် ခြေတစ်ဖက်လုံးဝပြတ်ခြင်း | ၅၀.၀% |
| ၆၄။ ပေါင်ရင်းမှ ခြေကျင်းဝတ်အထိ တစ်နေရာရာတွင် ခြေနှစ်ဖက်ကျိုးခြင်း | ၅၀.၀% |
| ၆၅။ ခြေကျင်းဝတ်မှ အဖျားဖက်အစွန်းလုံးဝပြတ်ခြင်း | ၃၇.၅% |
| ၆၆။ ခြေတစ်ဖက်ကျိုးခြင်း | ၂၅.၀% |
| ၆၇။ ခြေကျင်းဝတ်ကျိုးခြင်း | ၁၅.၀% |
| ၆၈။ ခြေဖနောင့်ရိုးကျိုးခြင်း | ၁၅.၀% |
| ၆၉။ ဂုံညင်းရိုးကျိုးခြင်း | ၁၅.၀% |
| ၇၀။ခြေတစ်ဖက် မသန်မစွမ်းဖြစ်ခြင်း | ၁၀.၀% |
| ၇၁။ ခြေမတစ်ချောင်းပြတ်ခြင်း | ၉.၀% |
| ၇၂။ ခြေမမှ တစ်ပါး အခြားခြေချောင်းတစ်ချောင်း ပြတ်ခြင်း | ၇.၅% |
| ၇၃။ ခြေခုံရိုးကျိုးခြင်း | ၅.၀% |
| ၇၄။ ခြေမတစ်ချောင်းကျိုးခြင်း | ၂.၄% |
| ၇၅။ ခြေမမှတစ်ပါးအခြား ခြေချောင်းတစ်ချောင်း ကျိုးခြင်း | ၂.၀% |

| | |
|---|---|
| 67.Broken ankle | 15.0% |
| 68.Broken heel bone | 15.0% |
| 69.Broken knee cap | 15.0% |
| 70.Leg alignment disability | 10.0% |
| 71.Loss of one big toe | 9.0% |
| 72.Loss of one of any remaining toes | 7.5% |
| 73.Broken foot bone | 5.0% |
| 74.Broken bones in big toe | 2.4% |
| 75.Broken bones of any one of toe other than big toe | 2.0% |

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

## Section D: No Claim Bonus
## အပိုင်း(ဃ) လျော်ကြေးမတောင်းဆုကြေး

This section spells out the reward system known as the "No Claim Bonus"
ဤအပိုင်းတွင် လျော်ကြေးမတောင်းဆုကြေးဟုခေါ်သော ဆုကြေးစနစ်များကို ရှင်းလင်းဖော်ပြထားပါသည်။

**1. No Claim Bonus (NCB)**

If **You** have insured **Your Vehicle** for a continuous period of 12 months and **You** or anyone else did not make any claim under this **Policy** during that time, a NCB will be applied at each renewal. The applicable NCB will increase with each renewal if **You** continue to have claim free years.

**၁။ လျော်ကြေးမတောင်းဆုကြေး**

အကယ်၍ သင်၏မော်တော်ယာဉ်ကို (၁၂) လ သက်တမ်းအတွက် ဆက်လက်အာမခံထားရှိသည့်အပြင် သင်သည် အဆိုပါ ကာလအတွင်း သင် သို့မဟုတ် မည်သူမဆို မည်သည့်လျော်ကြေးများကို ဤပေါ်လစီတွင် မည်သည့် တောင်းခံမှုများကိုမဆို မပြုလုပ်ခဲ့ပါလျှင် သက်တမ်းတိုးသည့်အကြိမ်တိုင်း လျော်ကြေးမတောင်းဆုကြေးကို ခံစားခွင့်ရှိမည် ဖြစ်သည်။ အကယ်၍ သင်သည် လျော်ကြေးမတောင်းဆိုခဲ့သည့်နှစ်များစွာ ဆက်လက်ရှိနေပါက ထိုခံစားခွင့်ရှိသည့် လျော်ကြေးမတောင်းဆုကြေးသည် သက်တမ်းတိုးသည့်အကြိမ်တိုင်း ဆက်လက်ခံစားခွင့်ရှိမည် ဖြစ်သည်။

**2. One Claim and Your NCB is Down to Zero**

If You or anybody else meet with an Incident which will give rise to a claim on this Policy, the NCB entitlement that You have accumulated would drop to zero at the next renewal and Your NCB will start all over again. If a claim is received after the NCB has been applied, We shall be entitled to recover the NCB given from You.

**၂။ လျော်ကြေးတစ်ခုဖြစ်သည်နှင့် လျော်ကြေးမတောင်း ဆုကြေး လုံးဝမရရှိနိုင်သည့်ဖြစ်ရပ်**

အကယ်၍ ဤပေါ်လစီအရ သင် သို့မဟုတ် မည်သူမဆို လျော်ကြေးတောင်းခံနိုင်သည့်ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့လျှင် သင်ကစုဆောင်းထားသော အကျုံးဝင်သည့် လျော်ကြေးမတောင်းဆုကြေး စုစုပေါင်းသည် သုညအဆင့်သို့ ကျဆင်းသွားမည်ဖြစ်ပြီး သင့်လျော်ကြေးမတောင်းဆုကြေး အနေဖြင့် နောက်နှစ်သက်တမ်းဆက်သည့် အချိန်တွင် ပြန်လည်စတင်ရမည်ဖြစ်သည်။ အကယ်၍ လျော်ကြေးမတောင်းဆုကြေး ခံစားခွင့်ပြုပြီး နောက်မှ လျော်ကြေးကို လက်ခံရရှိလျှင်လည်း ကျွန်ုပ်တို့အနေဖြင့် သင့်ထံမှ လျော်ကြေးမတောင်းဆုကြေးကို ပြန်လည်လွှဲပြောင်း ရယူခွင့် ရှိသည်။

**3. Your NCB is not Transferable**

The NCB is personal to You which means that if You were to sell Your Vehicle and We agree to transfer this Policy to the new owner, Your NCB cannot be transferred for the benefit of the new owner.

**၃။ လျော်ကြေးမတောင်းဆုကြေးကို လွှဲပြောင်း၍ မရခြင်း**

လျော်ကြေးမတောင်းဆုကြေးဆိုသည်မှာ သင်ပိုင်ဆိုင်သောအရာဖြစ်ပြီး ဆိုလိုသည်မှာ သင်သည် သင်၏ မော်တော်ယာဉ်ကို ရောင်းချလိုက်လျှင် ကျွန်ုပ်တို့အနေဖြင့် ဤပေါ်လစီကို ပိုင်ရှင်အသစ်သို့ လွှဲပြောင်းပေးရန် သဘောတူမည်ဖြစ်သည်။ သို့ရာတွင် သင်၏လျော်ကြေးမတောင်းဆုကြေးကိုမူ ပိုင်ရှင်အသစ် အကျိုးရှိစေရန် လွှဲပြောင်းနိုင်ခွင့် မရှိပါ။

**4. NCB is applied separately**

If more than one Motor Vehicle (Your Vehicle) are described in the Policy Schedule the No Claim Discount shall be applied as if a separate Policy had been issued in respect of each such Motor Vehicle (Your Vehicle).

**၄။ လျော်ကြေးမတောင်းဆုကြေး သီးခြားသတ်မှတ်ခြင်း**

အကယ်၍ တစ်စီးထက်ပိုသော မော်တော်ယာဉ်များ (သင်၏မော်တော်ယာဉ်) ကို ပေါ်လစီအကျဉ်းချုပ်တွင် ဖော်ပြ လက်ခံထားပါလျှင် လျော်ကြေးမတောင်းဆုကြေးကို မော်တော်ယာဉ်တစ်စီးစီအတွက်သာ သီးခြားပေါ်လစီကဲ့သို့ သတ်မှတ်ထုတ်ပေးမည်ဖြစ်သည်။

The No Claim Discount is shown in the table below:

| Period of Insurance | Private Vehicle | Commercial Vehicle |
|---|---|---|
| The second renewal year | 25% | 15% |
| The third renewal year | 30% | 20% |
| The third renewal years above | 40% | 25% |

လျော်ကြေးမတောင်းဆုကြေးကို အောက်ပါဇယားအတိုင်းသတ်မှတ်ထားပါသည်။

| အာမခံသက်တမ်း | ကိုယ်ပိုင်မော်တော်ယာဉ် | အငှားမော်တော်ယာဉ် |
|---|---|---|
| သက်တမ်းဆက်သည့်ဒုတိယနှစ် | ၂၅% | ၁၅% |
| သက်တမ်းဆက်သည့်တတိယနှစ် | ၃၀% | ၂၀% |
| သက်တမ်းဆက်သည့်တတိယနှစ်အထက် | ၄၀% | ၂၅% |

## Section E. Avoidance of certain terms and rights of recovery
## အပိုင်း(င) စည်းကမ်းချက်အချို့ကို ရှောင်လွှဲ၍ လျော်ကြေးရယူနိုင်ခွင့်များ

1. **Your** rights or that of any other person to recover indemnity by virtue of any Legislation or Agreement shall not be affected in any way.

၁။ပြဋ္ဌာန်းဥပဒေ သို့မဟုတ် သဘောတူညီချက်တစ်ရပ်ရပ်အရ လျော်ကြေးရယူနိုင်ခွင့်ရှိသည့် သင်၏ အခွင့်အရေးများသို့မဟုတ် အခြားသူတစ်ဦးဦး၏ အခွင့်အရေးများကို မည်သည့်နည်းလမ်းနှင့်မျှ ထိခိုက်မှုမရှိစေရ။

2. However, in the event that **We** are liable to pay any monies as a result of the said Legislation or Agreement which **We** would not otherwise have been liable to pay, **You** shall repay to **Us** such monies paid by **Us**.

၂။ သို့ရာတွင် ကျွန်ုပ်တို့က ပေးရန်တာဝန်မရှိသော်လည်း ပြဋ္ဌာန်းဥပဒေ သို့မဟုတ် သဘောတူညီချက်တစ်ရပ်ရပ်အရ ကျွန်ုပ်တို့က ပေးလျော်ရသည့် ဖြစ်ရပ်များတွင် ယင်းပေးလျော်ခဲ့ရသည့်ငွေများကို သင်က ကျွန်ုပ်တို့ထံ ပြန်လည်ပေးအပ်ရမည်။

## Section F: General Exceptions - these apply to the whole Policy
## အပိုင်း (စ) အထွေထွေအကျုံးမဝင်သည့်အချက်များ - ပေါ်လစီတစ်ခုလုံးတွင် လိုက်နာရမည့်အချက်များ

This section lists down circumstances under which this Policy does not provide cover at the time of happening of the Incident. This is in addition to those already listed in Sections A1b,B1b, and C1b.

ဤပေါ်လစီအရ ထိခိုက်မှုဖြစ်ပွားချိန်တွင် အာမခံအကာအကွယ်မပေးသည့် အချက်များအား ဤအပိုင်းတွင် ရေးသွင်းဖော်ပြထားခြင်း ဖြစ်သည်။ ဤအချက်များသည် အပိုင်း(က) ၁(ခ)၊ အပိုင်း(ခ) ၁(ခ) နှင့် အပိုင်း(ဂ) ၁(ခ) တို့တွင်ဖော်ပြပြီးသော အချက်များကို ထပ်မံထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

**1. Use Outside Myanmar**

Unless We provide otherwise, this insurance does not cover You in respect of claims arising whilst Your Vehicle was being used or driven outside the Republic of the Union of Myanmar.

**၁။ မြန်မာနိုင်ငံ၏ ပြင်ပတွင် အသုံးပြုခြင်း**

ကျွန်ုပ်တို့ ပေးလျော်မည့် လျော်ကြေးပေါ်ပေါက်မှု ဖြစ်စဉ်များမှလွဲ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပြင်ပတွင် သင်၏ မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် သို့မဟုတ် အသုံးပြုနေစဉ် ပေါ်ပေါက်လာသော လျော်ကြေးတောင်းဆိုမှုများ နှင့်စပ်လျဉ်း၍ ဤပေါ်လစီမှ အကာအကွယ်ပေးမည် မဟုတ်ပါ။

**2. Unauthorised Driver**

We will not pay for any Incident, loss, damage or liability caused, sustained or incurred whilst Your Vehicle, in respect of which indemnity is provided by this Policy, is being driven by any person other than an authorised driver or person driving on Your order or with Your permission unless the Your authorised driver's list is deemed to be incomplete at the time of the accident due to a reason that we determine to be compelling and justifiable at Our sole discretion.

**၂။ ခွင့်ပြုထားခြင်းမရှိသောယာဉ်မောင်း**

ဤပေါ်လစီအရ လျော်ကြေးအကျုံးဝင်သော်လည်း သင်က ခွင့်ပြုထားသော ယာဉ်မောင်းများစာရင်းတွင် မပါဝင်သည့် အခြားမည်သူမဆို သင်၏မော်တော်ယာဉ်ကို မောင်းနှင်ခြင်းကြောင့် ဖြစ်ပွားခဲ့သော မည်သည့် ဖြစ်ရပ်၊ ဆုံးရှုံးမှု၊ ထိခိုက်မှု သို့မဟုတ် ပေးလျော်ရန်တာဝန်ရှိမှုများအတွက် ကျွန်ုပ်တို့က ပေးလျော်မည်မဟုတ်ပါ။ သို့ရာတွင် သင်ကခွင့်ပြုထားသော ယာဉ်မောင်းများစာရင်းတွင် မပါဝင်သော်လည်း သင်၏ သဘောတူညီမှုဖြင့် မောင်းနှင်သူကြောင့်ဖြစ်ပွားခဲ့သော မည်သည့် ဖြစ်ရပ်၊ ဆုံးရှုံးမှု၊ ထိခိုက်မှု သို့မဟုတ် ပေးလျော်ရန်တာဝန်ရှိမှုများ အတွက်မူ သင့်တင့်လျှောက်ပတ်စွာ ဆုံးဖြတ်ပေးမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ အဆုံးအဖြတ်သည်သာ အပြီးသတ် ဖြစ်သည်။

**3. Unlawful Purpose**

There is no cover under this Policy if You or Your authorised driver use Your Vehicle for an unlawful purpose or to attempt an unlawful purpose or being used otherwise than in accordance with the Limitations as to Use specified in the Policy Schedule.

**၃။ ဥပဒေနှင့်မညီသော အကြောင်းရင်း**

ဤပေါ်လစီ၏ စာရင်းချုပ်တွင် အတိအကျဖော်ပြထားသည့် မော်တော်ယာဉ်အသုံးပြုခြင်းနှင့် ပတ်သက်သည့် ကန့်သတ် သတ်မှတ်ချက်များနှင့် အကျုံးမဝင်သော်လည်း သင်နှင့် သင်ကခွင့်ပြုထားသော ယာဉ်မောင်းမှ သင်၏ မော်တော်ယာဉ်ကို ဥပဒေနှင့်မညီသော ရည်ရွယ်ချက်ဖြင့် အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန် ကြိုးပမ်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်မှုကို ဤပေါ်လစီက အကာ အကွယ်မပေးပါ။

**4. Unlicensed Drivers**

There is no cover under this Policy if You or Your Authorised Driver do not have a valid driving licence to drive Your Vehicle. However this exception does not apply to Section B: Liability to Third Parties.

**၄။ လိုင်စင်မရှိသည့် ယာဉ်မောင်းများ**

အကယ်၍ သင်နှင့်သင်ကခွင့်ပြုထားသော ယာဉ်မောင်းတွင် တရားဝင် မောင်းနှင်ခွင့် လိုင်စင်မရှိဘဲ သင်၏ မော်တော်ယာဉ်ကို မောင်းနှင်ခဲ့ပါက ဤပေါ်လစီမှ အကာအကွယ်ပေးမည် မဟုတ်ပါ။ သို့သော် ဤခြွင်းပယ်သည့် အချက်ကို အပိုင်း (ခ)၊ သူတစ်ပါးထိခိုက်မှုများကို ပေးလျော်ရန် တာဝန်ရှိမှုများတွင် အသုံးပြုမည်မဟုတ်ပါ။

## 5. Alcohol, Drugs and Other Intoxicating Substances

There is no cover under this Policy if You or Your authorised driver is under the influence of alcohol or intoxicating liquor, narcotics, dangerous drugs or any other deleterious drugs or intoxicating substance to such an extent that You or Your authorised driver are incapable of having proper control of Your Vehicle. However this exception does not apply to Section B: Liability to Third Parties

**၅။ အရက်၊ မူးယစ်ဆေးနှင့် အခြားမူးယစ်စေတတ်သော အရာများ**

အကယ်၍ သင်နှင့်သင်ကခွင့်ပြုထားသော ယာဉ်မောင်းသည် အရက် သို့မဟုတ် မူးယစ်စေတတ်သော အရည်၊ မူးယစ်ဆေးဝါး၊ အန္တရာယ်ရှိသော ဆေးဝါးများ သို့မဟုတ် ဆိုးကျိုးကိုဖြစ်စေသော ဆေးဝါးများ သို့မဟုတ် အန္တရာယ်ရှိသော ပစ္စည်းများကို သုံးစွဲခြင်းကြောင့် သင်၏ မော်တော်ယာဉ်ကို ထိန်းချုပ်နိုင်စွမ်း မရှိခဲ့လျှင် ဤပေါ်လစီက အကာအကွယ်ပေးမည်မဟုတ်ပါ။ သို့သော် ဤခြွင်းပယ်သည့်အချက်ကို အပိုင်း (ခ)၊ သူတစ်ပါးထိခိုက်မှုများကို ပေးလျော်ရန် တာဝန်ရှိမှုများတွင် အသုံးပြုမည်မဟုတ်ပါ။

## 6. Fraud and Exaggerated Claims

If any claim is in any part fraudulent or exaggerated, or if You or anyone acting on Your behalf, uses fraudulent means to get any benefit under this Policy, the entire claim will not be paid or payable. If We are required to make payment of any such claim to a third party, We shall be entitled to recover the sum paid and any costs incurred from You.

**၆။ လိမ်လည်မှုနှင့်ပိုမို တောင်းဆိုသည့် လျော်ကြေး**

အကယ်၍ သင် သို့မဟုတ် မည်သူမဆို သင်၏ ကိုယ်စားဆောင်ရွက်၍ မည်သည့်လျော်ကြေးတစ်ခုလုံးကို သော်လည်းကောင်း၊ အစိတ်အပိုင်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း လိမ်လည်ခြင်း သို့မဟုတ် ပိုမိုတောင်းဆိုခြင်းနှင့် မည်သည့်အကျိုးအမြတ်ကိုမဆို ရယူရန် မမှန်မကန်နည်းလမ်းများအသုံးပြုခဲ့လျှင် အခြားအကျုံးဝင်သည့် လျော်ကြေးအစိတ်အပိုင်း သို့မဟုတ် လျော်ကြေး တစ်ရပ်လုံးကို ပေးချေလိမ့်မည်မဟုတ်ပါ။ အကယ်၍ မိမိတို့အနေဖြင့် သူတစ်ပါးထိခိုက်မှုအတွက် မည်သည့် လျော်ကြေးတောင်းဆိုမှုကိုမဆို ပေးချေရန် လိုအပ်ပါက ကျွန်ုပ်တို့အနေဖြင့် ပေးဆောင်လိုက်ရသည့်ငွေနှင့် မည်သည့်ကုန်ကျငွေကိုမဆို သင့်ထံမှ ပြန်လည်တောင်းဆိုခွင့် ရှိသည်။

## 7. Use for Racing etc.

There is no cover under this Policy if You use or You allow Your Authorised Driver to use Your Vehicle:

a. to practise for or to take part in any motor sport, competition, rally, pace making, reliability trial or speed test; or

b. on any racetrack.

**၇။ ပြိုင်ပွဲအတွက်အသုံးပြုခြင်း**

ဤပေါ်လစီအရ အကယ်၍ သင် သို့မဟုတ် သင်က ခွင့်ပြုထားသောယာဉ်မောင်းက သင့်မော်တော်ယာဉ်ကို အသုံးပြု၍-

(က) ယာဉ်မောင်းလေ့ကျင့်ခြင်း သို့မဟုတ် ကားပြိုင်ပွဲအမျိုးမျိုးတွင်ပါဝင်ခြင်း၊ အပြိုင်မောင်းနှင်ခြင်းများ၊ အရှိန်တင်မောင်းနှင်ခြင်း၊ မောင်းနှင်နိုင်စွမ်းကို စမ်းသပ်ခြင်း သို့မဟုတ် မောင်းနှင်နိုင်သည့် အရှိန်ကို စမ်းသပ်ခြင်း သို့မဟုတ်

(ခ) မည်သည့်ပြိုင်ပွဲလမ်းကြောင်းများတွင်မဆို အသုံးပြုခြင်းတို့အတွက် ထိခိုက်မှုဖြစ်ပေါ်လာပါက အာမခံလျော်ကြေး အကြုံးဝင်မည်မဟုတ်ပါ။

**8. War Risk**

There is no cover under this Policy for any accident, loss, damage or liability (including any cost of defending any action) directly or indirectly, proximately or remotely occasioned by or contributed to or traceable to or arising out of or in connection with or in consequences of war (whether war is declared or not) or warlike operation, invasion, acts of foreign enemies, hostilities, civil war, mutiny, rebellion.

> For an additional premium, **Your** Policy can be extended to cover War risk (Additional Cover Number 005)

**၈။ စစ်ဘေး အကာအကွယ်**

စစ်(စစ်ကြေညာသည်ဖြစ်စေ၊ မကြေညာသည်ဖြစ်စေ) သို့မဟုတ် စစ်အသွင် ဆောင်ရွက်မှုများ၊ ပြည်ပကျူးကျော်မှု၊ ပြည်ပရန်သူများ၏ စစ်ရေးလှုပ်ရှားမှုများ၊ စစ်ပြုခြင်းများ၊ ပြည်တွင်းစစ်၊ တပ်တွင်း ပုန်ကန်မှု၊ သူပုန်ထမှု များသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အနီးကပ် သို့မဟုတ် အဝေးမှဖြစ်စေ၊ အခါအားလျော်စွာဖြစ်စေ သို့မဟုတ် အကြောင်းအရင်းခံရှိသည်ဖြစ်စေ သို့မဟုတ် မည်သည့်နည်းဖြင့် ချိတ်ဆက်ထားသည်ဖြစ်စေ ဆက်စပ်ဖြစ်ပေါ်လာသည့် မည်သည့်ဆုံးရှုံးမှုများ သို့မဟုတ် ပေးလျော်ရန်တာဝန်ရှိမှုများကို (မည်သည့် လုပ်ဆောင်မှုများကိုမဆို ခုခံကာကွယ်သည့် ကုန်ကျစရိတ်များအပါအဝင်) ဤပေါ်လစီအရ အာမခံအကာအကွယ် အကျုံးမဝင်သော အချက်များအဖြစ် သတ်မှတ်သည်။

> ပရီမီယံထပ်မံပေးဆောင်ခြင်းဖြင့် သင်၏ ပေါ်လစီကို စစ်ဘေးအတွက် အပိုအကာအကွယ်ရယူနိုင်သည် (အပိုအကာအကွယ်နံပါတ် ၀၀၅။)

**9. Strike, Riots, Civil Commotion Risk**

There is no cover under this Policy for any accident, loss, damage or liability (including any cost of defending any action) connected in any way directly or indirectly, proximately or remotely occasioned by or contributed to or traceable to or arising out of or in connection with or in consequences of strike, riots or civil commotion assuming the proportion of or amounting to an uprising, revolution, insurrection, military or usurped power or by any other fighting acts.

> For an additional premium, **Your** Policy can be extended to cover strikes, riots, and civil commotion (Additional Cover Number 002).

**၉။ သပိတ်မှောက်ခြင်း၊ အဓိကရုဏ်းနှင့် လူထုအုံကြွခြင်းများဆိုင်ရာ အကာအကွယ်**

သပိတ်မှောက်ခြင်း၊ အဓိကရုဏ်း သို့မဟုတ် လူထုအုံကြွခြင်းများအား ပမာဏများပြားလာစေခြင်း သို့မဟုတ် ကုန်ကျစရိတ်များပေါ်ပေါက်လာခြင်း၊ ပုန်ကန်ထကြွခြင်း၊ စစ်အာဏာသိမ်းခြင်း သို့မဟုတ် အာဏာလုယူခြင်း သို့မဟုတ် အာဏာလုယူခြင်းဆိုင်ရာ အခြားတိုက်ခိုက်မှုများသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အနီးကပ် သို့မဟုတ် အဝေးမှဖြစ်စေ၊ အခါအားလျော်စွာဖြစ်စေ သို့မဟုတ် အကြောင်းအရင်းခံရှိသည်ဖြစ်စေ သို့မဟုတ် မည်သည့်နည်းဖြင့် ချိတ်ဆက်ထားသည်ဖြစ်စေ ဆက်စပ်ဖြစ်ပေါ်လာသည့် မည်သည့်ဆုံးရှုံးမှုများ သို့မဟုတ် ပေးလျော်ရန် တာဝန်ရှိမှုများကို (မည်သည့်လုပ်ဆောင်မှုများကိုမဆို ခုခံကာကွယ်သည့် ကုန်ကျစရိတ်များ အပါအဝင်) ဤပေါ်လစီအရ အာမခံအကာအကွယ် အကျုံးမဝင်သော အချက်များအဖြစ် သတ်မှတ်သည်။

| |
|---|
| ပရီမီယံထပ်မံပေးဆောင်ခြင်းဖြင့် သင်၏ ပေါ်လစီကို သပိတ်မှောက်မှု၊ အဓိကရုဏ်း သို့မဟုတ် လူထုအုံကြွခြင်းများဆိုင်ရာ အပိုအကာအကွယ်အဖြစ် ရယူနိုင်သည် (အပိုအကာအကွယ်နံပါတ် ၀၀၂။) |

## 10. Convulsions of Nature

There is no cover (unless specifically purchased) for any loss, damage or liability caused by flood, typhoon, hurricane, storm, tempest, volcanic eruption, earthquake, landslide, landslip, subsidence or sinking of the soil / earth or other convulsions of nature.

| |
|---|
| For an additional premium, **Your** Policy can be extended to cover flood, typhoon, hurricane, storm, tempest, volcanic eruption, earthquake, landslide, landslip, subsidence etc. (Endorsement 004). |

**၁၀။ သဘာဝဘေး အကာအကွယ်**

ရေကြီးရေလျှံခြင်း၊ တိုင်ဖုန်း၊ ဟာရီကိန်း၊ လေပြင်းမုန်တိုင်း၊ မိုးသက်မုန်တိုင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မြေလျှောလှုပ်ခြင်း၊မြေပြိုခြင်း၊မြေကျွံခြင်းသို့မဟုတ်အခြားသဘာဝတရား၏ဖောက်ပြန်မှုတို့ကြောင့်ဖြစ်ပွါးသော မည်သည့် ဆုံးရှုံးခြင်း၊ ထိခိုက်ပျက်စီးခြင်းမဆို သို့မဟုတ် ပေးလျော်ရန်တာဝန်ရှိမှုများအတွက် (အပိုအကာအကွယ်ဝယ်ယူမထားလျှင်) အာမခံအကာအကွယ် အကျုံးမဝင်သော အချက်များအဖြစ်သတ်မှတ်သည်။

| |
|---|
| ပရီမီယံထပ်မံပေးဆောင်ခြင်းဖြင့် သင်၏ ပေါ်လစီကို ရေကြီးရေလျှံခြင်း၊ တိုင်ဖုန်း၊ ဟာရီကိန်း၊ လေပြင်းမုန်တိုင်း၊ မိုးသက်မုန်တိုင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မြေလျှောလှုပ်ခြင်း၊ မြေပြိုခြင်း၊ မြေကျွံခြင်း စသဖြင့် သဘာဝတရား၏ ဖောက်ပြန်မှုများအတွက် အပိုအကာအကွယ် ရယူနိုင်သည်။ (အပိုကာအကွယ်နံပါတ် ၀၀၄) |

## 11. Contractual Liability

We will not pay for any liability that arises by virtue of an agreement but for which We would not have been liable in the absence of such agreement.

**၁၁။ စာချုပ်အရ ပေးလျော်ရန်တာဝန်ရှိမှု**

ကျွန်ုပ်တို့သည် အာမခံပေါ်လစီ သဘောတူညီချက်အရ ပေါ်ပေါက်လာသည့် ပေးရန်တာဝန်ရှိမှုများကိုသာ ပေးလျော်မည်ဖြစ်ပြီး သဘောတူညီချက်တွင် မပါဝင်သည့် မည်သည့်အချက်များအတွက်မဆို ကျွန်ုပ်တို့တွင် ပေးလျော်ရန်တာဝန်မရှိပါ။

## 12. Nuclear Risk

There is no cover under this Policy for any accident, loss or damage to any property or any loss or liability arising therefrom (including consequential losses and costs of defending

any actions) connected in any way with operations using the nuclear fission or fusion process, or handling of radioactive material. This includes, but is not limited to:

a. the use of nuclear reactors such as atomic piles, particle accelerators or generators and similar devices;
b. the use, handling or transportation of radioactive material in relation to any Act of Terrorism;
c. the use, handling or transportation of any weapon or explosive device employing nuclear fission or fusion; or
d. the use, handling or transportation of radioactive material.

**၁၂။ နျူကလီးယားအန္တရာယ်အကာအကွယ်**

ရေဒီယိုဓာတ်သတ္တိကြွပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် နျူကလီးယား စွမ်းအင် သုံးစွဲ၍ မည်သည့် နည်းလမ်းဖြင့် မဆို ဆက်သွယ်ဆောင်ရွက်ခြင်းများကြောင့် ဖြစ်ပေါ်လာသော မည်သည့်ပစ္စည်းများ မဆို ဆုံးရှုံးခြင်း သို့မဟုတ် ထိခိုက်ပျက်စီးခြင်း သို့မဟုတ် ပေးရန်တာဝန်ရှိမှုများ (အကျိုးဆက်ဆုံးရှုံးမှုများနှင့် မည်သည့် လုပ်ရပ်မျိုးမဆို ကုန်ကျသည့် တရားရုံးစရိတ်) ကို အာမခံအကာအကွယ် အကျုံးမဝင်သော အချက်များအဖြစ် သတ်မှတ်သည်။ ၎င်းတို့တွင် အောက်ပါကန့်သတ်ချက်များသာမက အခြားသော အကျိုးဆက်ဆုံးရှုံးမှုများ လည်းပါဝင်သည်-

(က) အဏုမြူဓာတ်ပေါင်းဖိုများ အသုံးပြုခြင်း၊ အဏုမြူပုံး၊ အဏုမြူဒြပ်မှုန်များ သို့မဟုတ် အင်ဂျင်စက်များနှင့် အလားတူပစ္စည်းများ။
(ခ) မည်သည့် အကြမ်းဖက်လုပ်ရပ်မျိုးတွင်မဆို ရေဒီယိုဓာတ်သတ္တိကြွပစ္စည်းများကို သုံးစွဲခြင်း၊ ကိုင်တွယ်ခြင်း သို့မဟုတ် သယ်ယူပို့ ဆောင်ခြင်း။
(ဂ) နျူးကလီးယားစွမ်းအင်သုံးသည့် မည်သည့် လက်နက် သို့မဟုတ် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများကို သုံးစွဲခြင်း၊ ကိုင်တွယ်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း။
(ဃ) ရေဒီယိုဓာတ်သတ္တိကြွ ပစ္စည်းများကို သုံးစွဲခြင်း၊ ကိုင်တွယ်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း။

**13. Failure to take Precaution**

**We** will not pay for any additional damages if after an Incident or breakdown **You**:

a. left **Your** Vehicle unattended or failed to take proper precaution to prevent further loss or damage; or
b. continue to drive **Your Vehicle** in an unroadworthy condition before any repair is done.

**We** will also not pay for claims that arise if, when using **Your** Vehicle, **You** do not take reasonable precaution to keep **Your** Vehicle secured. This includes but is not limited to leaving **Your** Vehicle unattended while unlocked or with ignition key left in or on **Your** Vehicle.

**၁၃။ ကြိုတင်ကာကွယ်ရန် ပျက်ကွက်ခြင်း**

ကျွန်ုပ်တို့အနေဖြင့် ဆုံးရှုံးမှုတစ်ခု ဖြစ်ပွားပြီးနောက် အကယ်၍ ဆက်စပ် ထပ်မံဖြစ်ပွားသော အောက်ဖော်ပြပါ မည်သည့် ဖြစ်ရပ်သို့မဟုတ် ထိခိုက်မှုများအတွက် အာမခံအကာအကွယ် အကျုံးမဝင်သော အချက်များအဖြစ် သတ်မှတ်သည်။

(က) သင်၏ မော်တော်ယာဉ်ကို စောင့်ရှောက်သူမဲ့ ထားရစ်ခဲ့ခြင်း သို့မဟုတ် ဆုံးရှုံးမှု သို့မဟုတ် ထိခိုက်မှုကို သင့်လျော်သည့် ကြိုတင်ကာကွယ်မှုဆောင်ရွက်ရန် ပျက်ကွက်ခြင်း သို့မဟုတ်

(ခ) မည်သည့်ပြင်ဆင်မှုများကိုမဆို မပြုလုပ်မီ သင်၏ မော်တော်ယာဉ်ကို လမ်းပေါ်တွင် မောင်းနှင်အသုံးပြုနိုင်သည့် အခြေအနေမရှိသည်အထိ ဆက်လက် မောင်းနှင်အသုံးပြုခြင်း။

ထို့အပြင် သင်၏မော်တော်ယာဉ် လုံခြုံရေးအတွက် ထိန်းသိမ်းနိုင်ရန် သင့်လျော်သည့် ကြိုတင် ကာကွယ်မှုများကို ဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် သင်၏မော်တော်ယာဉ်တွင် လျော်ကြေးပေါ်ပေါက်ခြင်းကို ကျွန်ုပ်တို့အနေဖြင့် ပေးလျော်မည်မဟုတ်ပါ။ သင်၏ မော်တော်ယာဉ်ကို သော့မခတ်ပဲ ထားခဲ့ခြင်း သို့မဟုတ် ကားသော့အား ကားအတွင်းတွင်ဖြစ်စေ ပြင်ပတွင်ဖြစ်စေ ထားခဲ့ခြင်း သင်၏မော်တော်ယာဉ်ကို စောင့်ရှောက်သူမဲ့ ထားခဲ့ခြင်းများအပြင် အခြားအကျိုးဆက်ဆုံးရှုံးမှုများလည်းပါဝင်သည်။

## Section G: Conditions - These apply to the whole Policy

## အပိုင်း (ဆ) ပေါ်လစီတစ်ခုလုံးနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များ

This section spells out the terms and conditions that **You** must observe to ensure this insurance remains effective. Basically, these conditions are of three types:

· What **You** must do

· What **You** must not do

· What **We** can do

ဤအပိုင်းတွင် အာမခံအကျိုး သက်ရောက်မှုရှိစေရန် လိုက်နာရမည့် စည်းကမ်းချက်များကို ဖော်ပြထားပါသည်။ အခြေခံအားဖြင့် စည်းကမ်းချက်မှာ (၃) မျိုးဖြစ်ပါသည်-

- သင်ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ
- သင်မဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ
- ကျွန်ုပ်တို့ ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ

**Conditions Precedent to Policy Liability**

The following conditions are conditions precedent to **Our** liability to indemnify **You** under this **Policy** and have to be observed by **You** strictly. We can repudiate this **Policy** and / or will not pay claims under the **Policy** if You breach any of the relevant conditions. These conditions also apply to **Your** Authorised Driver and any legal representative who seek indemnity under this Policy.

**ပေါ်လစီအရ ပေးရန်တာဝန်ရှိမှုဆိုင်ရာ စည်းကမ်းချက်များ**

အောက်တွင်ဖော်ပြထားသည့် စည်းကမ်းချက်များသည် သင့်အားလျော်ကြေးပေးရန်အတွက် ကျွန်ုပ်တို့အနေဖြင့် ပေါ်လစီအရ ပေးလျော်ရန်တာဝန်ရှိမှုဆိုင်ရာ စည်းကမ်းချက်များဖြစ်သည့်အတွက် သင့်အနေဖြင့် အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်သည်။ သင့်အနေဖြင့် ဤစည်းကမ်းချက်များကို ချိုးဖောက်ခဲ့လျှင် ကျွန်ုပ်တို့အနေဖြင့် ဤပေါ်လစီကို ရုတ်သိမ်းခြင်း နှင့်/ သို့မဟုတ် လျော်ကြေးငြင်းပယ်ခြင်း ပြုလုပ်နိုင်သည်။ ဤစည်းကမ်းချက်များသည် ဤပေါ်လစီအရ သင်က ခွင့်ပြုထားသော ယာဉ်မောင်းနှင့် ဥပဒေအရ တရားဝင်လွှဲအပ်သည့် မည်သည့်ကိုယ်စားလှယ်မဆို လျော်ကြေးတောင်းခံနိုင်သည်။

## 1. Duty of Disclosure

(a) In order to effect the Insurance Cover **You** have chosen out of the TYPE OF COVER stated in this Policy, **You** owe DUTY to fully and faithfully disclose all facts and information as required in the application form of this Policy with the Cover **You** have chosen.

**၁။ ထုတ်ဖော်ပြောဆိုရန် တာဝန်**

(က) ဤပေါ်လစီတွင် ဖော်ပြထားသော အာမခံအကာ အကွယ်များ သက်ရောက်မှုရှိစေရန် သင့်အနေဖြင့် အကာအကွယ်အမျိုးအစားကို ရွေးချယ်ရမည်ဖြစ်သည်။ ဤပေါ်လစီတွင် သင်ရွေးချယ်ထားသော အကာအကွယ်အရ သင့်အနေဖြင့် အဆိုပြုလွှာပေါ်တွင် မေးမြန်းထားသည့် အချက်အလက်များ အားလုံးကို ပြည့်စုံစွာနှင့် ရိုးသားစွာ ထုတ်ဖော်ပြောဆိုရန် တာဝန်ရှိသည်။

(b) During the term of Period of Insurance specified in the **Policy Schedule**, when **You** have come to know any change or alteration in the facts or information **You** disclosed in the application form of this Policy, **You** have the same DUTY to notify **Us** and fully and faithfully disclose such change as required in the application form as soon as practicable to **You**.

(ခ) ပေါ်လစီအကျဉ်းချုပ်တွင် ဖော်ပြထားသော အာမခံသက်တမ်းကာလအတွင်း သင်၏ပေါ်လစီတွင် ပြောင်းလဲခြင်း သို့မဟုတ် အစားထိုးခြင်းတစ်ခုခု ရှိခဲ့ပါက ဤပေါ်လစီ၏ အဆိုလွှာပုံစံဖြင့် သင်က ထုတ်ဖော် ပြောကြားရမည်။ အဆိုလွှာပုံစံများတွင်ပါရှိသော လိုအပ်သည့် ပြောင်းလဲချက်များကို ဆောင်ရွက်ပေးနိုင်ရန် သင်အနေဖြင့် ပြည့်စုံစွာနှင့် ရိုးသားစွာ ထုတ်ဖော်အကြောင်းကြားရန် တာဝန်ရှိသည်။

(c) If **You** fail to disclose to **Us** fully and faithfully, all the facts which **You** know or ought to know, or if **You** misrepresented any facts to **Us** before the Policy was entered into, **We** may avoid this Policy.

**You** must observe and fulfil the Terms, Conditions, Additional Covers, Clauses or Warranties of this Policy.

(ဂ) အကယ်၍ သင့်အနေဖြင့် ကျွန်ုပ်တို့ကို သင်သိသမျှ သို့မဟုတ် သင်သိသင့်သမျှ အချက်အလက် အားလုံးကို ပြည့်စုံစွာနှင့် ရိုးသားစွာ ထုတ်ဖော်ပြောကြားရန် ပျက်ကွက်လျှင် သို့မဟုတ် မှားယွင်းစွာ ဖော်ပြလျှင် ပေါ်လစီ စာချုပ်မချုပ်ဆိုမီ ကျွန်ုပ်တို့ အနေဖြင့် ဤပေါ်လစီကို ငြင်းပယ်နိုင်သည်။

သင့်အနေဖြင့် ဤပေါ်လစီပါ စကားရပ်များ၊ သတ်မှတ်ချက်များ၊ အပိုအကာအကွယ်များ၊ သတ်မှတ်ပြဋ္ဌာန်းချက်များကို ပြည့်စုံစွာ သိရှိထားရမည်။

## 2. Our Liability of Insurance

(a) **Our** liability of insurance under the terms and conditions of this Policy attaches at the time of commencement of the Period of Insurance and terminates at the time of expiry of the Period of Insurance specified in the **Policy Schedule**.

**၂။ ကျွန်ုပ်တို့၏ ပေးလျော်ရန်တာဝန်ရှိမှု**

(က) ဤပေါ်လစီ၏ စကားရပ်သတ်မှတ်ချက်များအရ ကျွန်ုပ်တို့၏ ပေးလျော်ရန်တာဝန်ရှိမှုမှာ ပူးတွဲပါ ပေါ်လစီတွင် ဖော်ပြထားသော အာမခံသက်တမ်း စတင်သည့် အချိန်မှစ၍ ပေါ်လစီအကျဉ်းချုပ်တွင် သတ်မှတ်ထားသော အာမခံသက်တမ်း ကုန်ဆုံးသည့် အချိန်တွင် ရပ်ဆိုင်းသွားမည်ဖြစ်သည်။

(b) Insurance Premium in full or for the due instalment if agreed to be paid by instalments needs to be paid by **You** and duly received by **Us** on or before the commencement of the Period of Insurance specified in the **Policy Schedule**. **Our** liability of insurance does not attach even after the commencement of the Period of Insurance unless and till the due Insurance Premium is paid by **You** and received by **Us**. When payment of Insurance Premium is delayed or partially made, **Our** liability of insurance attaches at the time of **Our** receipt of the due Insurance Premium.

(ခ)သင့်အနေဖြင့် အာမခံပရီမီယံအပြည့်အဝပေးဆောင်ခြင်း သို့မဟုတ် အရစ်ကျပေးဆောင်ခြင်းကို သဘောတူညီထားခဲ့ပါက အရစ် ကျပရီမီယံ သို့မဟုတ် ပရီမီယံ အပြည့်အဝပေးဆောင်ရန် လိုအပ်ပြီး ပေါ်လစီအကျဉ်းချုပ်တွင် သတ်မှတ်ဖော်ပြထားသော အာမခံသက်တမ်း မစတင်မီ ကျွန်ုပ်တို့အနေဖြင့် ယင်းပရီမီယံကြေးကို ရရှိရပြီးဖြစ်ရမည်။ သင့်အနေဖြင့် ပေးရန်ရှိသည့် ပရီမီယံများကို ပေးသွင်းခြင်းနှင့် ကျွန်ုပ်တို့မှ လက်ခံရရှိခြင်း မရှိခဲ့လျှင် အာမခံသက်တမ်း စတင်ခဲ့ပြီးသည့်တိုင်အောင် ကျွန်ုပ်တို့အနေဖြင့် ပေးလျော်ရန် တာဝန်မရှိပါ။ အာမခံ ပရီမီယံ ပေးချေရန် ကြန့်ကြာခြင်း သို့မဟုတ် တစ်စိတ်တစ်ပိုင်းသာ ပေးချေနေစဉ်အတွင်း ကျွန်ုပ်တို့၏ ပေးလျော်ရန် တာဝန်မရှိဘဲ ယင်းကျသင့်ပရီမီယံကို အပြည့်အဝရရှိပြီးမှသာ ပေးလျော်မည်ဖြစ်သည်။

### 3. Accidents and Claims Procedures

(a) **We** must be notified in writing or by phone or any means with particulars of the vehicles involved, date and time of accident and a brief description of the circumstances of the accident as soon as practicable at latest within (7) days after an event which may become the subject of a claim under this Policy.

### ၃။ မတော်တဆဖြစ်ရပ်များနှင့် လျော်ကြေးလုပ်ထုံး လုပ်နည်းများ

(က) ဤပေါ်လစီအရ တောင်းခံရမည့်လျော်ကြေးကိစ္စအတွက် သင်၏ မော်တော်ယာဉ်ထိခိုက်မှု ဖြစ်ပွားခဲ့ပြီး (၇) ရက်အတွင်း မတော်တဆ ဖြစ်ရပ်ဖြစ်ပွားခဲ့သည့် ရက်စွဲနှင့်အချိန် အပါအဝင် ဖြစ်စဉ်အကျဉ်းချုပ် ဖော်ပြပြီး ကျွန်ုပ်တို့ထံ စာဖြင့် သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း အခြားနည်းများဖြင့်သော်လည်းကောင်း ဆောလျင်စွာ အကြောင်းကြားရမည်။

(b) In the event that **Your Vehicle** is collided into by a Third Party vehicle, **You** may refer the claim for cost of repairs to **Us**. **Your** No Claim Bonus (NCB) entitlement will continue effectively if **We** decide that **You** are not at fault. Such determination of fault shall be in accordance with the authorities concerned. Provided always that such Third Party vehicle is insured by insurers licensed by the lawfully constituted Authorities in Myanmar, identifiable and there is no personal injury claim involved.

(ခ) သင်၏ မော်တော်ယာဉ်ကို သူတစ်ပါး၏ မော်တော်ယာဉ်က တိုက်ခိုက်မှုဖြစ်ပါက သင့်အနေဖြင့် ကျွန်ုပ်တို့ထံ ပြင်ဆင်သည့် ကုန်ကျစရိတ်ကို လျော်ကြေးအဖြစ် တောင်းခံနိုင်သည်။ သင့်အနေဖြင့် အပြစ်တစ်စုံတစ်ရာ မရှိသည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်ပါက သင်၏ လျော်ကြေးမတောင်း ဆုကြေးသည်သင်ထံ ဆက်လက်တည်မြဲနေမည်။ အဆိုပါ ထိခိုက်မှုသည် မည်သူ၏မှားယွင်းခြင်းဟု ဆုံးဖြတ်ခြင်းသည် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များ၏ ဆုံးဖြတ်ချက်အတိုင်း ဖြစ်သည်။ ထိုကဲ့သို့ ကျင့်သုံးရာတွင် အဆိုပါ သူတစ်ပါး၏ မော်တော်ယာဉ်သည် မြန်မာနိုင်ငံရှိ ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသည့် အာဏာပိုင်အဖွဲ့များထံမှ မော်တော်ယာဉ်မှတ်ပုံတင်ထားရှိခြင်း၊ ယင်းမော်တော်ယာဉ်

သည် လိုင်စင်ရ အာမခံကုမ္ပဏီတခုခုတွင် အာမခံထားရှိပြီး လူပုဂ္ဂိုလ်ထိခိုက်ဒဏ်ရာရမှု လျော်ကြေး မပေါ်ပေါက်မှသာ ဤအချက်များကို ကျင့်သုံးမည်။

(c) Every communication, summons and/or process from other parties must be sent to **Us** immediately. **You** must also tell **Us** if **You** know of any impending prosecution inquest or fatal inquiry without delay. In case of **Theft** or other act which may give rise to a claim under this Policy, **You** must without undue delay make a report to the Police and co-operate with **Us** in securing the convictions of the offender.

(ဂ) ဤအာမခံပေါ်လစီနှင့်ပတ်သက်သော အခြားအဖွဲ့အစည်းများမှ ဆင့်ခေါ်စာ/သမ္မာန်စာ နှင့် /သို့မဟုတ် ဆက်သွယ်သည့် လုပ်ငန်းစဉ်တိုင်းကို ကျွန်ုပ်တို့ထံ ချက်ခြင်းပေးပို့ရမည်။ သင့်အနေဖြင့် အာမခံထားရှိသော မော်တော်ယာဉ်နှင့်ပတ်သက်သော တရားစွဲဆိုရန်စုံစမ်းမှု သို့မဟုတ် သေမှုသေခင်း စုံစမ်းစစ်ဆေးမှုတစ်ခုခုရှိလာပါက နှောင့်နှေးမှုမရှိဘဲ ကျွန်ုပ်တို့ထံ အကြောင်းကြားရမည်။ ဤပေါ်လစီအရ ခိုးမှု သို့မဟုတ် အလားတူ ဖြစ်ရပ်များကြောင့် ပေါ်ပေါက်လာသည့် လျော်ကြေးများ ပေါ်ပေါက်ခဲ့ပါလျှင် သင့်အနေဖြင့် နှောင့်နှေးမှုမရှိပဲ ရဲတပ်ဖွဲ့သို့ တိုင်ကြားရမည့်အပြင် ကျူးလွန်သူများကို တရားရင်ဆိုင်ခုခံချေပရန်အတွက် ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်။

(d) No negotiation, admission or repudiation of any claim may be entered into by **You** without **Our** prior written consent.

(ဃ) ကျွန်ုပ်တို့ထံမှ စာဖြင့်ကြိုတင်ခွင့်ပြုချက်မရှိဘဲ မည်သည့်လျော်ကြေးဆိုင်ရာ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ လက်ခံခြင်း သို့မဟုတ် ငြင်းဆိုခြင်းတို့ ဆောင်ရွက်မည်မဟုတ်ပါ။

(e) **We** shall have full discretion in the conduct, defense and/or settlement of any claim.

(င) မည်သည့်လျော်ကြေးအတွက်မဆို ခုခံချေပခြင်း သို့မဟုတ် လျော်ကြေးငွေတွက်ချက်သတ်မှတ်ခြင်းများတွင် ကျွန်ုပ်တို့၏ ဆုံးဖြတ်ပိုင်ခွင့်အပြည့်အဝရှိမည်ဖြစ်သည်။

(f) No repairs may be authorised to **Your Vehicle** without Our prior written consent.

(စ) ကျွန်ုပ်တို့၏ စာဖြင့်ကြိုတင် ခွင့်ပြုချက်မပါရှိဘဲ သင်၏ မော်တော်ယာဉ်ကို ပြင်ဆင်ခြင်း မပြုလုပ်ရ။

(g) In the event **Your Vehicle** is involved in an accident and gives rise to a claim, **Your Vehicle** must be removed to a Repairer.

(ဆ)သင်၏မော်တော်ယာဉ်သည် မတော်တဆထိခိုက်မှု ဖြစ်ရပ်တွင် ပါဝင်ပြီး လျော်ကြေးတောင်းခံမှုပေါ်ပေါက်ပါက ယာဉ်ပြင်ဆင်သည့် နေရာသို့ မဖြစ်မနေ ပို့ဆောင်ရမည်။

**4. Negative Prescription of Right of Insurance Claim**

(a) After **We** received a notice of accident from **You** pursuant to 3. Accidents and Claims Procedures, **We** will send **You** at the address specified in the **Policy Schedule** or any other address **You** declare to **Us** all the forms of Claim Documents **You** as the claimant are required to fill in for lodging an Insurance Claim with **Us**.

**၄။ အာမခံလျော်ကြေးတောင်းဆိုခွင့်အား ငြင်းဆိုနိုင်သည့်ညွှန်းဆိုချက်များ**

(က) သင့်ထံမှ အထက်အပိုဒ် (၃) နှင့်အညီ လျော်ကြေးအကြောင်းကြားမှုကို ကျွန်ုပ်တို့ လက်ခံရရှိပြီးနောက် မတော်တဆ ထိခိုက်မှုများအတွက် လျော်ကြေးလုပ်ထုံးလုပ်နည်းများအရ ကျွန်ုပ်တို့သည် သင်က ပေးပို့ထားသော ပေါ်လစီအကျဉ်းချုပ်တွင် ဖော်ပြထားသည့် သင်၏ လိပ်စာ သို့မဟုတ် အခြားလိပ်စာတစ်ခုခုထံသို့ လျော်ကြေး တောင်းခံမည့် ပုံစံများပေးပို့မည်ဖြစ်ပြီး လျော်ကြေးတောင်းခံသူ သင့်အနေဖြင့် လျော်ကြေးတောင်းခံမည့် ပုံစံအားလုံးကို ဖြည့်စွက်၍ ကျွန်ုပ်တို့ထံ လျော်ကြေးတောင်းခံလွှာအဖြစ် ပေးပို့ရမည်။

(b) When **You** obtained details to be filled in the Documents **We** sent **You**, **You** can exercise **Your** right of claiming Insurance monies which may be paid out to **You** for compensation under the terms and conditions of this Policy and Cover **You** have chosen by sending out all the Documents fully filled in to **Us** as soon as practicable.

(ခ) ကျွန်ုပ်တို့ထံမှ သင်လက်ခံရရှိသည့် လျော်ကြေးတောင်းခံမည့် ပုံစံတွင် အသေးစိတ် ပြည့်စုံစွာရေးသွင်းရမည့် စာရွက်စာတမ်းအထောက်အထား အားလုံးကို ရရှိသည့်အခါ သင်ရွေးချယ်ထားသော အကာအကွယ်နှင့် ပေါ်လစီ စည်းကမ်းချက်များအရ ရသင့်သော အကျိုးခံစားခွင့်အတွက် အာမခံလျော်ကြေးငွေကို သင့်အနေဖြင့် တောင်းခံရန်နှင့် စာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံစွာဖြည့်စွက်ပြီး ကျွန်ုပ်တို့ထံ အမြန်ဆုံး ပေးပို့ရမည်။

(c) If **You** have not sent to **Us** all the required Documents pursuant to the above (b) even though **You** are in the position of filling in them with details for claim after 3 years have elapsed since the date of accident, **You** lose the right of Insurance Claim by effecting a Negative Prescription regardless of any rules otherwise arranged. If **You** are not ready for claiming under this Policy even after 3 years from the date of accident, Prescription of **Your** right of claim will be prolonged until such date as **You** get ready to do so.

(ဂ) အကယ်၍ သင့်အနေဖြင့် အထက်အပိုဒ် (ခ) တွင် ဖော်ပြထားသည့်အတိုင်း လိုအပ်သည့် စာရွက်စာတမ်းများကို ကျွန်ုပ်တို့ထံ မပို့နိုင်ခဲ့လျှင် ထိခိုက်မှုဖြစ်သည့်နေ့မှစ၍ နောက်(၃) နှစ်အထိသာ အသေးစိတ်အချက် အလက်များကို ဖြည့်စွက်ပြီးတောင်းခံပိုင်ခွင့်ရှိမည်ဖြစ်သည်။ ထိုသို့မပြုလုပ်ပါက စည်းမျဉ်းစည်းကမ်းများအရ ငြင်းဆိုနိုင်သည့် ညွှန်းဆိုချက်များ၏ အကျိုးသက်ရောက်မှုအရ သင့်အနေဖြင့် အာမခံလျော်ကြေးတောင်းခံခွင့်ကို ဆုံးရှုံးမည်ဖြစ်သည်။ အကယ်၍ သင့်အနေဖြင့်ထိခိုက်မှုဖြစ်သည့်နေ့မှစ၍နောက်(၃)နှစ်ပြည့်ပြီးနောက်တွင်ပင် ဤပေါ်လစီအရ လျော်ကြေးတောင်းခံနိုင်ခြင်း မရှိသေးပါက သင်၏လျော်ကြေးတောင်းခံနိုင်ခွင့်ကို သင်အဆင်သင့်ဖြစ်သည့် နေ့ရက်အထိတိုးမြှင့်သတ်မှတ်နိုင်သည်။

**5. Cancellation**

**၅။ ပေါ်လစီ ဖျက်သိမ်းခြင်း**

(a) **You** may cancel this Policy at any time by notifying **Us** in writing.

(က) သင့်အနေဖြင့် မည်သည့်အချိန်တွင်မဆို ကျွန်ုပ်တို့ထံ စာဖြင့် ရေးသားအကြောင်းကြားပြီး ဤပေါ်လစီကို ဖျက်သိမ်းနိုင်သည်။

(b) **We** shall cancel this Policy by giving **You** (14) days written notice by registered post to **Your** last known address.

(ခ) ကျွန်ုပ်တို့အနေဖြင့်လည်း သင်ကပေးပို့ထားသော နောက်ဆုံးလိပ်စာသို့ (၁၄) ရက်အတွင်း မှတ်ပုံတင် စာပေးပို့၍ ဤပေါ်လစီကို ဖျက်သိမ်းမည်ဖြစ်သည်။

(c) **You** shall within (7) days from the date of cancellation under paragraph (a) or (b) above, surrender the certificate of insurance to **Us** or, if it has been lost or destroyed or it is not received by **You**, provide **Us** with a statutory declaration to that effect.

(ဂ) အထက်အပိုဒ် (က) (ခ)အရ သင်သည် ဖျက်သိမ်းသည့်နေ့မှစ၍ (၇) ရက်အတွင်း အာမခံပေါ်လစီကို ကျွန်ုပ်တို့ထံ ပြန်လည်အပ်နှံရမည်။ အကယ်၍ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် သင်မှ ပြန်လည်အပ်နှံ နိုင်ခြင်း မရှိပါက ကျွန်ုပ်တို့ထံ အဆိုပါပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် အတည်ပြုကြေညာချက် တစ်ခု ပေးပို့ ရမည်ဖြစ်သည်။

(d) In case of cancellation requested by **You** (provided no claim has arisen during the then current Period of Insurance), **You** shall be entitled to a refund premium based on **Our** customary short-period rates calculated from the date of receipt by **Us** of the certificate or the statutory declaration in the event that the certificate is lost or destroyed or not received by **You** as follows:

| **Elapsed Period of Insurance** | **Refund of Premium %** |
|---|---|
| Up to 3 months | : 65% of the annual premium |
| More than 3 months to 6 months | : 40% of the annual premium |
| More than 6 months to 9 months | : 15% of the annual premium |
| 9 months above | : No refund of premium allowed |
| Total loss of Section A | : No refund of premium allowed |

(ဃ) အကယ်၍ သင်က ပေါ်လစီဖျက်သိမ်းရန် တောင်းဆိုခြင်း ဖြစ်ပါက (လက်ရှိသက်တမ်းကာလအတွင်း မည်သည့် လျော်ကြေးမှ မပေါ်ပေါက်ခဲ့ပါလျှင်) ပေါ်လစီစာချုပ်ကို လက်ခံရရှိသည့်နေ့မှစ၍ ကျွန်ုပ်တို့ကျင့်သုံးသည့် သက်တမ်းတိုနှုန်းဖြင့် တွက်ချက်ပြီး သင့်အနေဖြင့် ပရီမီယံပြန်အမ်းငွေ ရပိုင်ခွင့်ရှိသည် သို့မဟုတ် ပေါ်လစီ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းဖြစ်ပါက ကျွန်ုပ်တို့ထံ အဆိုပါပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်း အတည်ပြု ကြေငြာချက် လက်ခံရရှိသည့် နေ့မှစတင်၍ အောက်ပါအတိုင်း ရပိုင်ခွင့်ရှိသည်-

| **အာမခံသက်တမ်း** | **ပြန်အမ်းမည့်ပရီမီယံ (%)** |
|---|---|
| (၃) လအထိ | : တစ်နှစ်ပရီမီယံ၏ ၆၅% |
| (၃) လ အထက်နှင့် (၆) လအထိ | : တစ်နှစ်ပရီမီယံ၏ ၄၀% |
| (၆) လ အထက်နှင့် (၉) လအထိ | : တစ်နှစ်ပရီမီယံ၏ ၁၅% |
| (၉) လ အထက် | :ပရီမီယံပြန်အမ်းရန်မလိုပါ |
| အပိုင်း (က) အရ လုံးဝဆုံးရှုံးမှု | :ပရီမီယံပြန်အမ်းရန်မလိုပါ |

(e) In case of cancellation by **Us**, **You** shall be entitled to a daily pro-rata refund of the unexpired premium calculated from the date of receipt by **Us** of the certificate or the statutory declaration in the event that the certificate is lost or destroyed or not received by **You**.

(င) ကျွန်ုပ်တို့ဘက်မှပေါ်လစီဖျက်သိမ်းခြင်းဖြစ်ပါက သင့်ထံမှ ပေါ်လစီလက်ခံရရှိသည့်နေ့မှစ၍ ကျန်သက်တမ်းကာလအတွက် သင့်အနေဖြင့် ပရီမီယံငွေကို ရက်တွက်နှုန်းဖြင့် ပြန်လည်ရရှိရန် ခံစားခွင့်ရှိသည် သို့မဟုတ် သင့်ထံမှ ပေါ်လစီလက်ခံမရရှိပါက ပေါ်လစီပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်သည့် အတည်ပြု ကြေညာချက်လက်ခံရရှိသည့် နေ့မှစတင်၍ ရပိုင်ခွင့်ရှိသည်။

(f) In case of cancellation requested by **You,** No refund of premium for any cancellation of Policy if premium is charged at short-period rates. But In case of cancellation by **Us, You** shall be entitled to a daily pro-rata refund of the unexpired premium calculated from the date of receipt by **Us** of the certificate or the statutory declaration in the event that the certificate is lost or destroyed or not received by **You**.

(စ) အကယ်၍ သင်ကတောင်းဆိုလျှင် သက်တမ်းတိုနှုန်းဖြင့် ထားရှိသည့် ပေါ်လစီအား ဖျက်သိမ်းမည်ဆိုပါက မည်သည့် ပေါ်လစီဖျက်သိမ်းမှုများကိုမဆို ပရီမီယံ ပြန်အမ်းငွေ ရပိုင်ခွင့်မရှိပါ။ သို့သော် ကျွန်ုပ်တို့မှ ယင်းပေါ်လစီအား ဖျက်သိမ်းမည် ဆိုပါက သင့်အနေဖြင့် ပရီမီယံငွေကို ရက်တွက်နှုန်းဖြင့် ပြန်လည်ရရှိနိုင် မည်ဖြစ်သည် သို့မဟုတ် သင့်ထံမှ ပေါ်လစီ လက်ခံ မရရှိပါက ပေါ်လစီပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်သည့် အတည်ပြုကြေညာချက် လက်ခံရရှိ သည့် နေ့မှစတင်၍ ရပိုင်ခွင့်ရှိသည်။

**6. Other Insurance**

**You** must give **Us** written notice if **You** have any other insurance covering **Your Vehicle**. If at the time any claim arises under this Policy, there is any other existing Policy covering the same loss, damage or liability, **We** shall only pay **Our** ratable proportion of any loss, damage, compensation, costs or expenses. However, nothing in this Clause shall impose on **Us** any liability from which **We** would not have been subject to.

**၆။ အခြားအာမခံများ**

သင်၏မော်တော်ယာဉ်ကို အခြားအာမခံကုမ္ပဏီတစ်ခုခုတွင် အာမခံအကာအကွယ်ရယူထားပါက သင့်အနေဖြင့် ကျွန်ုပ်တို့ထံ စာဖြင့် အကြောင်းကြားရမည်။ အကယ်၍ ဤပေါ်လစီသည် မည်သည့်လျော်ကြေးပေါ်ပေါက်သည့် အချိန်တွင်မဆို အခြားတည်မြဲလျှက်ရှိသော ပေါ်လစီများ၏ အကာအကွယ်အရ တူညီသည့် ဆုံးရှုံးမှု၊ ထိခိုက်မှု သို့မဟုတ် ပေးလျော်ရန်တာဝန်ရှိမှုများ ရှိနေပါက အဆိုပါ ဆုံးရှုံးမှု၊ ထိခိုက်မှု၊ အကျိုးခံစားမှု၊ ကုန်ကျစရိတ်သို့မဟုတ် အသုံးစရိတ်များ အားလုံးပေါ်တွင် ကျွန်ုပ်တို့၏ အချိုးဝေစုတစ်ခုကိုသာ ကျွန်ုပ်တို့က ပေးချေမည်ဖြစ်သည်။ သို့သော် ဤစည်းကမ်းချက်အရ ကျွန်ုပ်တို့၏အခြားပေးလျော်ရန် တာဝန်ရှိမှုများ အတွက်ကိုမူ ကျွန်ုပ်တို့ ပေးလျော်မည် မဟုတ်ပါ။

**7. SUBROGATION**

**We** shall be entitled, if **We** so desire, to take over at **Our** own expense in **Your** name the defense or settlement of any claim or to prosecute in **Your** name for **Our** benefit any claim for indemnity or damages or otherwise. **We** shall have absolute discretion in the conduct of

any proceedings and in the settlement of any claim and **You** shall give all such information and assistance as **We** may require.

**၇။ အစားထိုးခြင်းဖြင့် ရပိုင်ခွင့်များရယူခြင်း**

အကယ်၍ ကျွန်ုပ်တို့ ဆန္ဒရှိလျှင် ကျွန်ုပ်တို့ အကျိုးခံစားခွင့်အတွက် ဤပေါ်လစီအရ ပေါ်ပေါက်လာသည့် မည်သည့်လျော်ကြေးများကိုမဆို လျော်ကြေးသတ်မှတ်ခြင်း သို့မဟုတ် ထိခိုက်ပျက်စီးခြင်း သို့မဟုတ် အခြားသော ဆောင်ရွက်ချက်များအတွက် သင်၏ အမည်ဖြင့် တရားစွဲဆိုခြင်း သို့မဟုတ် လျော်ကြေးများကို ဖြေရှင်းခြင်း သို့မဟုတ် ခုခံချေပခြင်းများကို ကျွန်ုပ်တို့၏ ကိုယ်ပိုင်ကုန်ကျစရိတ်ဖြင့် ဝင်ရောက်ဆောင်ရွက်ခွင့် ရှိရမည်။ ယင်းသို့ တရားစွဲဆိုမှုများနှင့် လျော်ကြေးတောင်းခံမှုများကို ဖြေရှင်းရာတွင် ကျွန်ုပ်တို့တွင် ဆုံးဖြတ်ပိုင်ခွင့်အပြည့်အဝရှိပြီး ကျွန်ုပ်တို့လိုအပ်မည့် သတင်းအချက်အလက်အားလုံးကို သင့်အနေဖြင့် ပေးပို့ရန်နှင့် ပံ့ပိုးကူညီ ဆောင်ရွက်ပေးရမည်။

## 8. Dispute Settlement

In respect with the conflicts and disputes arising under this policy, If the settlements for disputes are not met with satisfaction, the insurance company or the policyholder can complain in writing to the following organizations:

(a) Myanmar Insurance Association

(b) the Secretariat of the Insurance Business Regulatory Board;

(c) the Insurance Business Regulatory Board; and

(d) the Arbitration.

**၈. အငြင်းပွားမှုဖြေရှင်းခြင်း**

ဤပေါ်လစီအရ ပေါ်ပေါက်လာသောကွဲလွဲဆောင်ရွက်မှုများ၊ အငြင်းပွားမှုများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်မှုများအား ကျေနပ်မှုမရှိပါက အာမခံကုမ္ပဏီမှဖြစ်စေ၊ အာမခံထားသူကဖြစ်စေ အောက်ပါအဖွဲ့အစည်းများထံသို့ စာဖြင့် ရေးသား၍ အဆင့်ဆင့်တိုင်ကြားနိုင်သည်-

(က) မြန်မာနိုင်ငံအာမခံအသင်း

(ခ) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးရုံး၊

(ဂ) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊

(ဃ) အနုညာတစီရင်ရေး၊

## 9. Arbitration

All differences arising out of this Policy shall be referred to an Arbitrator who shall be appointed in writing by **You** and **Us**. In the event that **You** and **We** are unable to agree on who is to be the Arbitrator within (1) month of being required in writing to do so then **You** and **We** shall be entitled to appoint an Arbitrator each who shall proceed to hear the differences together with an Umpire to be appointed by both Arbitrators. However this is provided that any disclaimer of liability by **Us** for any claim hereunder must be referred to an Arbitrator within (12) calendar months from the date of **Our** disclaimer to **You.**

**၉။ အနုညာတစီရင်ဆုံးဖြတ်ခြင်း၊ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်း**

ဤပေါ်လစီမှ ပေါ်ပေါက်လာသော ကွဲပြားခြားနားမှု အားလုံးသည် သင်နှင့် ကျွန်ုပ်တို့က စာဖြင့် ရေးသား ခန့်အပ်သော ခုံသမာဓိလူကြီးထံ လွှဲပြောင်းပေးရမည်။ သင်နှင့် ကျွန်ုပ်တို့အနေဖြင့် ခုံသမာဓိလူကြီးကို သဘော

တူညီမှုမရှိခဲ့သည့်ဖြစ်ရပ်တွင် (၁)လအတွင်း စာဖြင့်ရေးသား၍ ခုံသမာဓိလူကြီး တစ်ဦးစီခန့်အပ်နိုင်ပြီး ယင်း ခုံသမာဓိလူကြီးနှစ်ဦး၏ သဘောတူညီချက်ဖြင့် ကွဲပြားခြားနားမှုများကို အတူတကွ ကြားနာစီရင်ရန်အတွက် အခြားခုံသမာဓိလူကြီးအား ခန့်အပ်နိုင်သည်။ သို့သော် ကျွန်ုပ်တို့၏ ပေးလျော်ရန်တာဝန်ရှိသည့် မည်သည့် လျော်ကြေးများကိုမဆို ငြင်းဆိုခြင်းအတွက် ကျွန်ုပ်တို့သင့်ကို ငြင်းဆိုသည့်နေ့မှ ပြက္ခဒိန်လ (၁၂) လအတွင်း အနုညာတစီရင်သူထံ လွှဲပြောင်းပေးရမည်။

## 10. Other Matters

This Policy will only be operative if:-

(a) Any Person claiming protection has complied with all its Terms, Conditions, Additional Covers, Clauses or Warranties.

(b) **You** have taken all reasonable precautions to maintain **Your Vehicle** in an efficient roadworthy condition.

(c) **You** have taken all reasonable precautions to safeguard **Your Vehicle** from loss or damage.

(d) **You** must grant **Us** free access at all reasonable times to examine **Your Vehicle**.

## ၁၀။ အခြားကိစ္စရပ်များ

ဤပေါ်လစီကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) မည်သူမဆို ဤပေါ်လစီပါ စကားရပ်များ၊ သတ်မှတ်ချက်များ၊ အပိုအကာအကွယ်များ၊ သတ်မှတ်ပြဋ္ဌာန်းချက်များကို လိုက်နာခြင်းဖြင့် အကာအကွယ်ရယူခြင်း၊ လျော်ကြေးတောင်းခြင်းများ ပြုလုပ်နိုင်သည်။

(ခ) သင်၏ မော်တော်ယာဉ်ကို လမ်းပေါ်တွင် ကောင်းမွန်စွာမောင်းနှင်နိုင်သည့် အခြေအနေအား ထိန်းသိမ်းထားရန် သင့်တွင် သင့်လျော်သော ကြိုတင်ကာကွယ်မှုများထားရှိရမည်။

(ဂ) သင်၏မော်တော်ယာဉ်ကိုဆုံးရှုံးခြင်း သို့မဟုတ် ထိခိုက်ခြင်း မဖြစ်စေရေး ကာကွယ်စောင့်ရှောက်ရန် သင့်တွင် သင့်လျော်သော ကြိုတင်ကာကွယ်မှုများထား ရှိရမည်။

(ဃ) သင်၏မော်တော်ယာဉ်ကို ကျွန်ုပ်တို့က သင့်လျော်သည့်အချိန်တွင် လွတ်လပ်စွာ ဝင်ရောက်စစ်ဆေးနိုင်ရန် သင်က ခွင့်ပြုရမည်။

## 11. Prevalent Policy Wording

For avoidance of doubt, the Myanmar Language version of this Policy wording will prevail over the English version at all times.

## ၁၁။ ပေါ်လစီဝေါဟာရများ၏ လွှမ်းမိုးမှု

အငြင်းပွားမှုများကို ရှောင်ရှားရန်အတွက် ဤပေါ်လစီဝေါဟာရများကို မြန်မာဘာသာဖြင့် ဖွင့်ဆိုချက်သည် အင်္ဂလိပ်ဘာသာဖြင့် ဖွင့်ဆိုချက်အပေါ်တွင် အစဉ်အမြဲလွှမ်းမိုးမည် ဖြစ်သည်။

# Endorsements/

# Additional Covers

# အပိုအကာအကွယ်များ

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

## Endorsements/Additional Covers

## အပိုအကာအကွယ်များ

**001: Breakage of Front Glass in Windscreen.**

In consideration of an additional premium has been duly paid to Us, We will pay for a singular breakage of front windscreen including lamination/tinting film on Your Vehicle up to an amount not exceeding Kyats ……………and that this shall be deemed not to be a claim for the purposes of the No-Claim Discount Clause.

For the purpose of this additional cover any requirement in this Policy or any additional cover thereto that You shall be responsible for a specified first sum of any amount otherwise payable shall be of no effect.

Provided that following the settlement of a claim the benefit under this extension shall terminate unless it is reinstated, and a further additional premium paid.

Subject otherwise to the Terms of this Policy.

**၀၀၁။ရှေ့လေကာမှန်ပျက်စီးခြင်းအကာအကွယ်**

ကျွန်ုပ်တို့ထံသို့ ထပ်တိုးပရီမီယံ ပေးသွင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် သင်၏မော်တော်ယာဉ် ရှေ့လေကာမှန် တပ်ဆင်ရာတွင် လိုအပ်သည့်ပစ္စည်း၊ ပလတ်စတစ်အလွှာများဖြင့် မှမ်းမံထားသော (lamination/ tinting film) အပါအဝင်၊ လေကာမှန်တန်ဖိုး ကျပ်………….. ထက် မပိုသော ငွေကို ပေးချေမည်ဖြစ်သည်။ အဆိုပါ လျော်ကြေးတောင်းသည့် ဖြစ်ရပ်အတွက် လျော်ကြေးမတောင်းဆုကြေး ရရှိမည့်ကိစ္စကို မထိခိုက်စေရ။ ဤ အပိုအကာအကွယ်၏ ရည်ရွယ်ချက်သည် ဤပေါ်လစီ၏ လိုအပ်ချက် သို့မဟုတ် သင့်အနေဖြင့် တာဝန်ရှိသော ကနဦးသတ်မှတ်ထားသည့် ငွေ အတွက် အကျိုးသက်ရောက်မှု မရှိစေရ။

ဤလျော်ကြေးကိုပေးချေပြီးသည့် နောက်ပိုင်းတွင် ပြန်လည်တည်မြဲရေးအတွက် ဆောင်ရွက်မှုမရှိခဲ့ပါလျှင် ဤတိုးချဲ့ အကျိုးခံစားခွင့်များ ရပ်ဆိုင်းသွားမည်။

ကျန်အချက်များမှာ ပေါ်လစီစကားရပ်များနှင့်အညီ ဖြစ်ရမည်။

**002: Cover for Strike, Riots and/or Civil Commotions (SRCC)**

In consideration of an additional premium duly paid by You to Us, this Policy is endorsed to cover any accident, loss, damage or liability (including any cost of defending any action) connected in any way directly or indirectly, proximately or remotely occasioned by or contributed to or traceable to or arising out of or in connection with or in consequences of strike, riots or civil commotion assuming the proportion of or amounting to an uprising, revolution, insurrection, military or usurped power or by any other fighting acts, which refer to the following acts.

(a) any act committed in the course of a disturbance of the public peace by any person taking part together with others in such disturbance; or

(b) any willful act of any striker or locked-out worker done in furtherance of a strike or in resistance to a lock-out whether or not such act is committed in the course of a disturbance of the public peace; or

(c) any act of any lawfully constituted Authority for the purpose of suppressing or minimizing the consequences of any existing disturbance of the public peace, or for the purpose of preventing any such act as is referred to in (b) above or minimizing the consequences thereof;

(d) However, you are indemnified as consequence losses of these incidents against your will.

**၀၀၂။ သပိတ်မှောက်မှု၊ အဓိကရုဏ်း နှင့်/သို့မဟုတ် လူထုအုံကြွခြင်းများဆိုင်ရာ အကာအကွယ်**

သင်က ကျွန်ုပ်တို့ထံသို့ ထပ်တိုးပရီမီယံ ပေးသွင်းခြင်းအားဖြင့် သပိတ်မှောက်ခြင်း၊ အဓိကရုဏ်း သို့မဟုတ် လူထုအုံကြွခြင်းများအား ပမာဏများပြားလာစေခြင်း သို့မဟုတ် ကုန်ကျစရိတ်များပေါ်ပေါက်လာခြင်း၊ ပုန်ကန်ထကြွခြင်း၊ စစ်အာဏာသိမ်းခြင်း သို့မဟုတ် အာဏာလုယူခြင်း သို့မဟုတ် အာဏာလုယူခြင်းဆိုင်ရာ အခြားတိုက်ခိုက်မှုများသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အနီးကပ် သို့မဟုတ် အဝေးမှဖြစ်စေ၊ အခါအားလျော်စွာဖြစ်စေ သို့မဟုတ် အကြောင်းအရင်းခံရှိသည်ဖြစ်စေ သို့မဟုတ် မည်သည့်နည်းဖြင့် ချိတ်ဆက်ထားသည်ဖြစ်စေ ဆက်စပ်ဖြစ်ပေါ်လာသည့် မည်သည့်ဆုံးရှုံးမှုများ သို့မဟုတ် ပေးလျော်ရန် တာဝန်ရှိမှုများကို (မည်သည့်လုပ်ဆောင်မှုများကိုမဆို ခုခံကာကွယ်သည့် ကုန်ကျစရိတ်များ အပါအဝင်) ဤပေါ်လစီက အောက်ပါအချက်များဖြင့် ပြင်ဆင်ဖြည့်စွက်၍ အကာအကွယ်ပေးမည်ဖြစ်သည်-

(က) မည်သူမဆို အခြားသူများနှင့် အတူတကွ ပြုလုပ်သည့် အများပြည်သူ ငြိမ်းချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးသည့် လုပ်ရပ်တစ်ခုခုတွင် ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ်

(ခ) မည်သူမဆို အများပြည်သူ ငြိမ်းချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးသည့် ဆူပူမှု သို့မဟုတ် သပိတ်မှောက်ခြင်း သို့မဟုတ် အလုပ်သမားများ လုပ်ငန်းရပ်ဆိုင်းခြင်း သို့မဟုတ် ယင်း သပိတ်တွင် ဆန္ဒအလျောက်အားဖြည့်ပါဝင်ခြင်းစသည့် လုပ်ရပ်တစ်ခုခုတွင် ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ်

(ဂ) အများပြည်သူငြိမ်းချမ်းမှုကို ပျက်ပြားစေသည့် နှောင့်ယှက်သည့် လုပ်ရပ်များ သို့မဟုတ် အကျိုးဆက်များအား လျော့ချရန် သို့မဟုတ် အထက်ရည်ညွှန်း အပိုဒ်(ခ)၏ လုပ်ရပ်များကို ကြိုတင်ကာကွယ်ရန် သို့မဟုတ် အကျိုးဆက်များအား လျော့ချရန် ရည်ရွယ်လုပ်ဆောင်သည့် ဥပဒေအရ ဖွဲ့စည်းထားသော အာဏာပိုင်အဖွဲ့၏ ဆောင်ရွက်ချက်တစ်ရပ်ရပ်၊

(ဃ) သို့သော် ကိုယ်တိုင်ပါဝင်ပတ်သက်ခြင်းမရှိသည့် အထက်ပါဖြစ်ရပ်များကြောင့် ပေါ်ပေါက်လာသည့် အကျိုးဆက် ဆုံးရှုံးမှုများအတွက် အာမခံ အကာအကွယ် အကျုံးဝင်မည်ဖြစ်သည်။

**003: Cover for Theft**

In consideration of the Insured's payment to Us of an additional premium, it is hereby agreed and declared that this insurance extends to cover any loss of or damage to Your Vehicle insured by this Policy directly or indirectly, proximately or remotely occasioned by or through or in consequence of **Theft** thereof committed by anyone.

**၀၀၃။ ခိုးမှုအတွက်အကာအကွယ်**

သင်က ကျွန်ုပ်တို့ထံသို့ ထပ်တိုးပရီမီယံပေးသွင်းခြင်းအားဖြင့် ဤပေါ်လစီဖြင့် သင်၏မော်တော်ယာဉ်ကို အာမခံထားရှိခြင်းသည် ခိုးယူမှုအတွက် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်စေ၊ အနီးကပ် သို့မဟုတ် အဝေးမှဖြစ်စေ ဖြစ်ပွားခြင်း သို့မဟုတ် ခိုးယူမှု၏ အကျိုးဆက်ကြောင့် ဆုံးရှုံးမှု သို့မဟုတ် ထိခိုက်မှုများအတွက် တိုးချဲ့၍ အကာအကွယ်ပေးမည်ဖြစ်သည်။

## 004:Cover for Convulsion of Nature (Acts of God)

In consideration of an additional premium duly paid by **You** to **Us**, this **Policy** is endorsed to cover any accident, loss, damage or liability directly or indirectly, proximately or remotely occasioned by, contributed to by or traceable to or arising out of or in connection with or in consequences of flood, windstorm, rainstorm, typhoon, hurricane, tempest, volcanic eruption, earthquake, landslide, landslip or subsidence or any other convulsion of nature.

**၀၀၄။ သဘာ၀ဘေး အကာအကွယ် (သဘာ၀ဘေး)**

သင်က ကျွန်ုပ်တို့ထံသို့ ထပ်တိုးပရီမီယံ ပေးသွင်းခြင်းအားဖြင့် ရေကြီးရေလျှံခြင်း၊ လေမုန်တိုင်း၊ မိုးသက်မုန်တိုင်း၊ တိုင်ဖွန်း၊ ဟာရီကိန်း စသည့်မုန်တိုင်းများ၊ မီးတောင် ပေါက်ကွဲခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ မြေကျံခြင်း သို့မဟုတ် အခြားသဘာ၀တရား၏ ဖောက်ပြန်မှုများသည် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်စေ၊ အနီးကပ် သို့မဟုတ် အဝေးမှဖြစ်စေ ဆက်စပ်ဖြစ်ပေါ်လာသည့် မည်သည့်ထိခိုက်မှု၊ ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် တာ၀န်ရှိမှုများကိုမဆို ဤပေါ်လစီက ပြင်ဆင်ဖြည့်စွက်၍ အကာအကွယ်ပေးမည်ဖြစ်သည်။

## 005: Cover for WAR

In consideration of an additional premium duly paid by You to Us, this Policy is endorsed to cover for any accident, loss, damage or liability (including any cost of defending any action) directly or indirectly, proximately or remotely occasioned by or contributed to or traceable to or arising out of or in connection with or in consequences of war (whether war is declared or not) or warlike operation, invasion, acts of foreign enemies, hostilities, civil war, mutiny, rebellion.

**၀၀၅။ စစ်ဘေးအကာအကွယ်**

သင်က ကျွန်ုပ်တို့ထံသို့ ထပ်တိုးပရီမီယံ ပေးသွင်းခြင်းအားဖြင့် စစ်(စစ်ကြေညာသည်ဖြစ်စေ၊ မကြေညာသည်ဖြစ်စေ) သို့မဟုတ် စစ်အသွင် ဆောင်ရွက်မှုများ၊ ပြည်ပကျူးကျော်မှု၊ ပြည်ပရန်သူများ၏ စစ်ရေးလှုပ်ရှားမှုများ၊ စစ်ပြုခြင်းများ၊ ပြည်တွင်းစစ်၊ တပ်တွင်း ပုန်ကန်မှု၊ သူပုန်ထမှုများသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အနီးကပ် သို့မဟုတ် အဝေးမှဖြစ်စေ၊ အခါအားလျော်စွာဖြစ်စေ သို့မဟုတ် အကြောင်းအရင်းခံရှိသည်ဖြစ်စေ သို့မဟုတ် မည်သည့်နည်းဖြင့် ချိတ်ဆက်ထားသည်ဖြစ်စေ ဆက်စပ်ဖြစ်ပေါ်လာသည့် မည်သည့်ဆုံးရှုံးမှုများ သို့မဟုတ် ပေးလျော်ရန်တာ၀န်ရှိမှုများကို (မည်သည့် လုပ်ဆောင် မှုများကိုမဆို ခုခံကာကွယ်သည့် ကုန်ကျစရိတ်များအပါအ၀င်) ဤပေါ်လစီက ပြင်ဆင် ဖြည့်စွက်၍ အကာအကွယ်ပေးမည်ဖြစ်သည်။

## 006: Cover for Betterment

In consideration of an additional premium duly paid by **You** to **Us**, this Policy is endorsed to cover the costs of the franchise parts, irrespective of depreciation thereof, replaced for repair of **Your** damaged vehicle.

**၀၀၆။ ပိုမိုကောင်းမွန်သော အကာအကွယ်**

သင်က ကျွန်ုပ်တို့ထံသို့ ထပ်တိုးပရီမီယံ ပေးသွင်းခြင်းအားဖြင့် သင်၏ ပျက်စီးနေသော မော်တော်ယာဉ်ကို တန်ဖိုးလျော့သည့် ကိစ္စရပ်နှင့် သက်ဆိုင်မှုမရှိသည့် ပြုပြင်ခြင်းများအတွက် အစားထိုးလဲလှယ်ရသည့် ပစ္စည်းများ၏ ကုန်ကျစရိတ်အပေါ် ဤပေါ်လစီက ပြင်ဆင်ဖြည့်စွက်၍ အကာအကွယ်ပေးမည်ဖြစ်သည်။

## 007: Cover for Personal belongings (USD Policy only)

**What is covered**

**We** will indemnify subject to the Limits of Liability loss of or damage to **Your** personal belongings while in or on **Your Vehicle** as a result of an accident to **Your Vehicle** caused by any of the incidents which covered by Section A.

**What is NOT covered**

(a) Loss or damage to personal belongings caused by Theft if

(i) **Your Vehicle** has been left unlocked and unattended or with a window or roof open.

(ii) the keys have been left in or on **Your Vehicle**

(b) Money, stamps, tickets, documents or securities.

(c) Goods, tools or samples carried in connection with any trade or business.

(d) Property insured under any other policy.

(e) Personal belongings in **Your Vehicle** if it is an open top or convertible vehicle unless the property is in a locked compartment.

(f) Loss or damage to portable satellite navigation equipment caused by Theft or attempted Theft from **Your Vehicle** whilst unattended unless the equipment has been placed in a locked covered boot or glove compartment.

**၀၀၇။ကိုယ်ပိုင်ပစ္စည်းများအတွက်အကာအကွယ်( အမေရိကန်ဒေါ်လာပေါ်လစီအတွက်သာ)**

**ပေးအပ်ထားသည့်အကာအကွယ်များ**

ကျွန်ုပ်တို့အနေဖြင့် အပိုင်း (က) အရ အကာအကွယ်ပေးထားသော အဖြစ်အပျက်များ ဖြစ်ပေါ်လာသည့် ထိခိုက်မှုကြောင့် သင်၏မော်တော်ယာဉ်တွင် ရှိနေသော သင်၏ကိုယ်ပိုင် ပစ္စည်းများပျက်စီးခြင်း သို့မဟုတ် ဆုံးရှုံးခြင်းများအတွက် ပေးလျော်ရန် တာဝန်ကို အကန့်အသတ်ဖြင့် သတ်မှတ်ပြီး ပေးချေမည်ဖြစ်သည်။

**အကျုံးမဝင်သောအကာအကွယ်များ**

(က) ခိုးယူမှုကြောင့် ဖြစ်ပွားသောကိုယ်ပိုင်ပစ္စည်းများ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတွင်-

(၁) သင်၏မော်တော်ယာဉ်ကို သော့မခတ်ဘဲ ထားခဲ့ခြင်းနှင့် စောင့်ရှောက်သူမဲ့ ထားရစ်ခဲ့ခြင်း သို့မဟုတ် ပြတင်း ပေါက်များ၊ အမိုးများ ဖွင့်ထားခြင်း။

(၂) သင်၏ မော်တော်ယာဉ်အတွင်း/ အပြင်တွင် ကားသော့ ကျန်ရစ်ခဲ့ခြင်း။

(ခ) ငွေများ၊ တံဆိပ်ခေါင်းများ၊ လက်မှတ်များ၊ စာရွက်စာတမ်းများ သို့မဟုတ် စာချုပ်များ။

(ဂ) မည်သည့်ကုန်သွယ်ရေး သို့မဟုတ် စီးပွားရေးလုပ်ငန်းနှင့်ဆက်စပ် သယ်ဆောင်လာသည့် ကုန်ပစ္စည်းများ၊ ကိရိယာများ သို့မဟုတ် နမူနာများ။

(ဃ) အခြားပေါ်လစီများအရ အာမခံထားသော ပစ္စည်းများ။

(င) အကယ်၍ အမိုးဖွင့်ထားသော မော်တော်ယာဉ်ဖြစ်ပါက သင်၏ မော်တော်ယာဉ်အတွင်းရှိ ကိုယ်ပိုင်ပစ္စည်းများသည် သော့ခတ်ထားသော အပိုင်း၌ ထားရှိခဲ့မှုမရှိခြင်း။

(စ) သင်၏မော်တော်ယာဉ်မှ လုံခြုံစွာသော့ခတ်ထားသည့် ကားနောက်ခန်း သို့မဟုတ် ကားဒိုင်ခွက်ဘောင်ရှိ ပစ္စည်းထည့်သည့် အံဝှက်နေရာတို့မှ သယ်ဆောင်ရလွယ်သော ဆက်သွယ်ရေးလမ်းကြောင်းပြ ပစ္စည်းများအား ဂရုတစိုက်ထားခြင်းမရှိခြင်းကြောင့် ခိုးယူခံရခြင်း သို့မဟုတ် ဖေါက်ထွင်းခိုးယူခံရခြင်းအားဖြင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း။

# Agent Commission Rate and Calculation

# ကိုယ်စားလှယ်ကော်မရှင်

# နှုန်းထားနှင့် တွက်ချက်မှု

## Agent Commission Rate and Calculation

## ကိုယ်စားလှယ်ကော်မရှင်နှုန်းထား နှင့် တွက်ချက်မှု

### 1. MMK Policy

### ၁။ မြန်မာကျပ်ငွေပေါ်လစီ

a. The commission rate will not be more than 18% on total premium for new MMK Policy. Renewal policy commission will not be more than 10% on renewal premium.

(က) ပေါ်လစီအသစ်အတွက် စုစုပေါင်းပရီမီယံပေါ်မှ မြန်မာကျပ်ပေါ်လစီအတွက် ၁၈% ထက် မပိုသော ကော်မရှင်နှုန်းဖြစ်ရမည်။ သက်တမ်းဆက် ပေါ်လစီများအတွက် သက်တမ်း ဆက်ပရီမီယံပေါ်မှ ၁၀% ထက် မပိုသော ကော်မရှင်နှုန်း ဖြစ်ရမည်။

b. If in case of increase sum-insured within the same period or renewal period, the commission rate should be applied by 18% on increase premium.

(ခ) အကယ်၍ တူညီသောသက်တမ်း သို့မဟုတ် သက်တမ်းဆက် သက်တမ်းအတွင်း အာမခံထားငွေ တိုးမြှင့်သောဖြစ်ရပ်များတွင် တိုးမြှင့်ပရီမီယံပေါ်မှ ကော်မရှင်နှုန်းကို ၁၈% ဖြင့် ကျင့်သုံးရမည်။

### 2. USD Policy

### ၂။ အမေရိကန်ဒေါ်လာ ပေါ်လစီ

a. The commission rate will not be more than 5% for new and renewal USD Policy.

(က) ပေါ်လစီအသစ်နှင့် သက်တမ်းဆက်ပေါ်လစီအတွက် စုစုပေါင်းပရီမီယံပေါ်မှ အမေရိကန်ဒေါ်လာ ပေါ်လစီအတွက် ၅ ရာခိုင်နှုန်းထက်မပိုသော ကော်မရှင်နှုန်းဖြစ်ရမည်။

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

## 3. Calculation

## ၃။ တွက်ချက်မှု

### a. New Policy

### (က) ပေါ်လစီအသစ်

Commencement premium × 18% = commission

စတင်ပေးသွင်းပရီမီယံ × ၁၈% = ကော်မရှင်

### b. Renewal Policy

### (ခ) သက်တမ်းဆက်ပေါ်လစီ

As same as previous year premium × 10% = commission

ယခင်နှစ်နှင့်တူညီသောပေးသွင်းပရီမီယံ × ၁၀% = ကော်မရှင်

Increase premium × 18% = commission

တိုးမြှင့်ပေးသွင်းပရီမီယံ × ၁၈% = ကော်မရှင်